နောင်တောင်းကျေးရွာ

လွိုင်လင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်တောင်းကျေးရွာ၊လွိုင်လင်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁
စကားချီး ၄
နောင်တောင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ လွိုင်လင်မြို့နယ် ၆
အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇
(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉
(က)` တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု
(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၀
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၃
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၆

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၆
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၄
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၂၆

(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ
ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု
(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၅၈

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၁

ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၆၉

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၀

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသောမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကို သာအားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နောင်တောင်းကျေးရွာ
လွိုင်လင်မြို့နယ်

နောင်တောင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ



ရည်ညွှန်း - နောင်တောင်းကျေးရွာ၊ လွိုင်လင်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်း အကဲဖြတ်ခြင်း မှ ရယူသည်။ (၂၀၁၅ ခုနှစ် ၃-၅ စက်တင်ဘာလ)

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

နောင်တောင်းကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်အတွင်း တည်ရှိပြီး၊ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၇မိနစ် မှ ၂၀ဒီဂရီ ၅၉ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ်၉၇ဒီဂရီ ၂၂မိနစ်မှ ၉၇ဒီဂရီ ၃၈ မိနစ် အတွင်းတည်ရှိပါသည်။ လွိုင်လင်မြို့မှ (၃) မိုင်ကွာဝေးပြီး ပင်လယ်ရေ မျက်နှာပြင် အထက်အမြင့်ပေ (၄၄၄၇) ပေ တွင်တည်ရှိ၍ မြေမျက်နှာသွင်ပြင်မှာ တောင်ကုန်းချိုင့်ဝှမ်းများပြားပြီး တောင်တန်းများသည် တောင်မြောက်သွယ်တန်းနေပါသည်။ မြေပြန့်လွင်ပြင်ဟူ၍ မရှိသလောက်ရှားပါးပါသည်။ ရာသီဥတုမှာ စွတ်စိုသော မုတ်သုံရာသီဥတုဖြစ်သည်။ အမြင့်ဆုံးအပူချိန် (၂၆) ဒီဂရီ စင်တီဂရိတ် နှင့် အနိမ့်ဆုံးအပူချိန်မှာ (-၆) ဒီဂရီ စင်တီဂရိတ် ဖြစ်ပါသည်။ မိုးရွာသွန်းမှုအနေဖြင့် မိုးရေချိန် (၅၃.၄၃) လက်မ ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကမှီခိုသောကျေးရွာဖြစ်၍ လယ်မြေ ၂၇.၅ ဧက၊ ယာမြေ ၄၉ ဧကနှင့် အိမ်ခြံဝန်းစိုက်ခင်းမြေများပိုင်ဆိုင်ပါသည်။စိုက်ပျိုးမြေများမှာ သွင်းရေရရှိနိုင်သော အရင်းအမြစ် မရှိဘဲ မိုးရေကိုသာ အားကိုးစိုက်ပျိုးရသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင်မိသားစု (၆၀) စု ရှိပြီး လူဦးရေစုစုပေါင်း (၃၃၅) ဦးရှိပါသည်။ ပျမ်းမျှ တစ်မိသားစုလျှင် (၅) ဦးမှ (၆) ဦးအထိ ရှိပါသည်။ အသက် (၁၅နှစ်မှ၆၀နှစ်) အထိအလုပ်လုပ်နိုင်သော လူဦးရေ ၆၀.၃% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ် အထက် လူဦးရေစုစုပေါင်း ၃၉.၇ % သည် မှီခိုသူများဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဥစ္စာဓနအဆင့်စံ သတ်မှတ်ချက်အရ အိမ်ထောင်စု (၄၀) ရာခိုင်နှုန်းခန့်မှာ အဆင်ပြေသည်ဟုသတ်မှတ်ကြပြီး ၊ (၆၀) ရာခိုင်နှုန်းမှာ ဆင်းရဲသည်ဟုသတ်မှတ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ စိုက်ပျိုးမြေ ဧက ၃ ဧကအထိပိုင်ဆိုင်ပြီး၊ ဆင်းရဲသည်ဟုသတ်မှတ်ကြသူများမှာ မြေယာမဲ့များနှင့် စိုက်ပျိုးမြေ အနည်းငယ်သာ ပိုင်ဆိုင်သူများ၊နေ့စားလုပ်သူများ၊ကျပန်းအလုပ်ကို လုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။

ကျေးရွာမိသားစုများ၏ အဓိကဝင်ငွေရလုပ်ငန်းများမှာ ပြောင်း၊ စပါး၊ အာလူး၊ ဂျူး၊ ပိန်းဥ စသည်တို့စိုက်ပျိုးကြပါသည်။ ကျေးရွာမိသားစုများ၏ဥစ္စာဓနအဆင့်ကို ကျေးရွာသူရွာသားများကိုယ်တိုင် သတ်မှတ်သည်မှာ ချောင်လည်အဆင့်မိသားစု (၁၆.၇%)၊ အလယ်အလတ်အဆင့် (၂၃.၃%)၊ ဆင်းရဲအဆင့် (၁၈.၃%) နှင့် အလွန်ဆင်းရဲအဆင့် (၄၁.၇%) ဖြစ်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲအဆင့်နှင့် အလွန်ဆင်းရဲအဆင့်မိသားစု (၃၀)စုတို့၏ ဝမ်းစာဖူလုံမှုကိုစစ်တမ်းကောက်ယူကြည့်ရာ (၂၃.၃%) သောမိသားစုများသည် သုံးလအောက်သာ ဝမ်းစာကိုမချေးမငှားဘဲစားသောက်နိုင်ပြီး၊ (၂၆.၇%) သောအိမ်ထောင်စုများမှာ သုံးလမှငါးလအထိဖူလုံပြီး (၅၀%) သောမိသားစုများမှာ ခြောက်လမှ

တစ်ဆယ့်နှစ်လအထိဖူလုံပါသည်။ သီးနှံစိုက်ပျိုးရေးတွင် ဓာတုဆေးဝါးများ အလွန်အကျွံသုံးစွဲမှု၊ သစ်တော ပြုန်းတီးမှုနှင့် မြေဆီလွှာတိုက်စားမှုမှာ ကျေးရွာအတွက်ထိခိုက်လာနိုင်မည့် အန္တရာယ်များပင်ဖြစ်ပါသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ

ရာသီဥတုအကူးအပြောင်းတွင် ဖြစ်လေ့ရှိသောတုပ်ကွေးရောဂါသာ အဖြစ်များလေ့ရှိပြီး ရွာမှ ၁ မိုင် ကွာဝေးသော ဝါးတောကျေးလက်ဆေးခန်းသို့ သွားရောက်လေ့ရှိပြီး ဈေးနှုန်းမှာလည်း အသင့်အတင့်ရှိ ပါသည်။ အရေးပေါ်အခြေအနေများတွင် လွိုင်လင်ဆေးရုံကြီးသို့ဆိုင်ကယ်ဖြင့် သွားရောက်ပြသကြပါသည်။ ရွာသူရွာသားများမှာ ကျန်းမာရေးအသိနည်းပါးကြပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် လုံးဝစာမတတ်သူဦးရေမှာ ကျေးရွာလူဦးရေ၏ ၆၁.၆ % ရှိပြီး စာမတတ်သူဦးရေမှာ အမျိုးသမီးများကပို၍များပါသည်။ မူလတန်းပညာပြီးဆုံးအောင်သင်ယူမှု ၁၇.၀% ရှိပြီး အလယ်တန်းပညာ ပြီးဆုံးသည့် ရာခိုင်နှုန်းမှာလည်း ၇.၇% ရှိသည်ကိုတွေ့ရပါသည်။ အကြောင်းရင်းမှာ ရွှမ်းစာပေယဉ်ကျေးမှု ကိုအဓိကထား၍ သင်ကြားသောကြောင့် ဖြစ်ပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

အမျိုးသမီးနှင့် အမျိုးသားပညာ တတ်မြောက်မှုနှုန်းမှာ မူလတန်းပညာ၊အလယ်တန်းပညာအထိ ကွာခြားမှုမရှိဘဲ အထက်တန်းပညာရေးပြီးဆုံးသူအဆင့်တွင် အမျိုးသမီးဦးရေက ပို၍များပါသည်။ ကျေးရွာ တွင်းအဖွဲ့အစည်းအသီးသီးတွင် အမျိုးသမီးပါဝင်မှုမရှိပါ။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အမျိုးသမီးများ မှာ အမျိုးသားများနှင့် တန်းတူလယ်ယာအလုပ်ကိုလုပ်ကိုင်ကြပါသည်။

(ဌ) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူ ပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင်း၌ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့တို့ရှိပါသည်။ ရပ်ရေးရွာရေးကိစ္စများ ကိုအုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့များက အဓိကဦးဆောင်ပါသည်။ ၂၀၁၁ ခုနှစ်တွင် ယူအင်အိုဒီစီ အဖွဲ့အစည်း၏အစီအစဉ်ဖြင့် ကျေးရွာ၏ဘိန်းအစားထိုးသီးနှံစိုက်ပျိုးခြင်းနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ဖွဲ့စည်းထားခဲ့ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။ စပါးစိုက်ဧက ၂၇.၅ ခန့်သာရှိပါသည်။ အဓိက စိုက်ပျိုးသီးနှံများထုတ်လုပ်မှုတွင် ဈေးကွက်မတည်ငြိမ်မှုမှာ စိုက်ပျိုးသူများအတွက် ပြဿနာတစ်ရပ်ဖြစ် ပါသည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်အပြင် အခြားနှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရန်၊ ဟင်းသီးဟင်းရွက် ထွက်ကုန်များကို ကုန်ကြမ်းရောင်ချရုံမဟုတ်ဘဲ ကုန်ချောထုတ်လုပ်နိုင်ရန် အထိဆောင်ရွက်ရန်လိုအပ် ပါသည်။ ဈေးကွက်လိုအပ်ချက်အရ တန်ဖိုးမြှင့်ရောင်းချနိုင်သော အော်ဂဲနစ်ထုတ်ကုန်များထုတ်လုပ်နိုင်ရန်

လည်းလိုအပ်ပါသည်။ သီးနှံထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သာ ထုတ်လုပ်ရောင်းချသည့်စနစ်မှ ပြည်ပ ဈေးကွက်အထိ ကျယ်ပြန့်စွာတင်ပို့ရောင်းချနိုင်လျှင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ကျေးရွာဖွံ့ဖြိုးလာနိုင်ပါသည်။

ကျွဲ၊နွား၊ဝက်စသည်တို့ကို ဝင်ငွေရလုပ်ငန်းအဖြစ်ဆောင်ရွက်ရန် စားကျက်နှင့် တိရစ္ဆာန် အစာရရှိနိုင်မှု၊ ရာသီဥတုအခြေအနေပေးမှု စသည့်အခြေအနေကောင်းများရှိပါသည်။ သို့သော် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဝင်ငွေရလုပ်ငန်းအဖြစ် ဆောင်ရွက်မှုမရှိသလောက်နည်းပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာသူရွာသားအနည်းငယ်သာ လက်သမား၊ ပန်းရံလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး အခြားဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေမှု မရှိသလောက်နည်းပါသည်။ လုပ်ငန်းလုပ်ကိုင်ရန် အခွင့်အလမ်းမရှိ၍ဖြစ်ပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

တောင်ပေါ်ဒေသဖြစ်သည့်အလျောက် တောင်စောင်းမြေများတွင် သီးနှံစိုက်ပျိုးရသည့်အတွက် မြေဆီလွှာတိုက်စားမှုမှာ ကြီးမားသည့်ပြဿနာဖြစ်ပါသည်။ တောင်သူအများစုမှာ သမားရိုးကျစိုက်ပျိုးနည်းစနစ်များဖြင့်သာစိုက်ပျိုးကြပြီး မြေဆီလွှာထိန်းသိမ်းပြုပြင်နည်းစနစ်များ ကျင့်သုံးမှုအားနည်းပါသည်။ ဟင်းသီးဟင်းရွက်သီးနှံများစိုက်ပျိုးရာတွင် ဓာတုဆေးဝါးများအလွန်အကျွံသုံးစွဲသည့်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ၊ ဂေဟစနစ်ထိခိုက်မှုစသည့် အန္တရာယ်များလည်း ကြီးမားလျက်ရှိပါသည်။ ထို့အပြင် မိသားစုစားသောက်နေထိုင်ရေးအတွက် ထင်းလောင်စာ အသုံးပြုမှုများကြောင့် သစ်တောသစ်ပင်ပြုန်းတီးမှုမှာလည်း ကျေးရွာ၏ အရေးကြီးသည့်အန္တရာယ်ဖြစ်လာပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကျေးရွာလူထုအဖွဲ့အစည်းစနစ်များ၊ နည်းပညာနှင့် အကူအညီများရရှိရေး အစီအမံများ လိုအပ်လျက်ရှိပါသည်။

(င) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးချေးငွေကို တောင်သူ (၂) ဦးသာလျှင်ရရှိပြီး ကျန်တောင်သူများမှာမြေစာရင်းပုံစံ (၇) မရှိ၍ ချေးငွေလက်လှမ်းမှီမှုမရှိသေးပေ။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ တောင်သူများအနေဖြင့် သီးနှံအထွက်နှုန်း ပုံမှန်ရရှိစေရန်အတွက် စိုက်ပျိုးရေးသုတေသနဌာနနှင့် တိုးချဲ့ပညာပေးရေး ဌာနတို့မှ အကူအညီ ပေးနိုင်ပါ သည်။ တောင်သူများအနေဖြင့်သီးနှံများ အစီအစဉ်တကျ စိုက်ပျိုးနိုင်ရန်နှင့် အကျိုးအမြတ်များပိုရနိုင်ရန် ဈေးကွက်အခြေအနေ ခန့်မှန်းခြင်းနည်းပညာများရရှိလိုကြပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာအတွင်းစာမတတ်သူဦးရေကျား (၅၈) ဦး ၊ မ (၁၁၇) ဦးရှိပါသည်။ အမျိုးသမီးအများစုမှာ မူလတန်းပညာရေး တတ်မြောက်ကြပြီး၊ အလယ်တန်းပညာအနည်းငယ် တတ်မြောက်ကြပါသည်။ အမျိုးသားများမှာလည်း စာမတတ်သူအနည်းငယ်သာရှိပြီး မူလတန်းပညာပြီးဆုံးကြပြီး အချို့မှာ အလယ်တန်းအထိပညာတတ်မြောက်ကြပါသည်။ အထက်တန်း ပညာပြီးဆုံးသူ (၆) ဦးရှိပါသည်။လူဦးရေ အများစုမှာ အလယ်တန်းပညာ အထိသင်ယူခဲ့ကြရသောကြောင့် ပညာရေးအသင့်အတင့်ရှိကြပါသည်။ ကျေးရွာအတွင်းရှမ်းဘာသာနှင့်သင်သော ရှမ်းကျောင်းသာရှိပါသည်။ စာသင်ကျောင်းမှာ ရွာမှ ၁ မိုင်ခန့်ကွာဝေးသောဝါးတောမူလတန်းလွန်ကျောင်းတွင် သွားရောက်ပညာသင်ကြားကြပါသည်။ မူလတန်းလွန်ကျောင်းမှအောင်

ပြီးလျှင် ရွာမှ (၃) မိုင်ခန့်ကွာဝေးသော လွိုင်လင်မြို့ပေါ်ရှိကျောင်းများတွင် သွားရောက်ပညာသင်ကြား ရပါသည်။ မိုးတွင်းအခါတွင် ရေကြီးရေလျှံမှုများဖြစ်တတ်ခြင်းနှင့် ကားလမ်းများမှ သွားရောက်ရသော ကြောင့် ကလေးများအနေဖြင့် သွားရေးလာရေးအန္တရာယ်ရှိသော အနေအထားတွင်ကြုံတွေ့နေရပါသည်။ ရွာတွင်းရှိကျောင်းသားအများစုသည် မိဘများမှမတတ်နိုင်ခြင်းကြောင့်လည်းကောင်း၊ ကျောင်းသားများမှ စာမလိုက်နိုင်သောကြောင့်လည်းကောင်း (၇)တန်း၊ (၈)တန်းခန့်ရောက် လျှင် ကျောင်းထွက်ကြလေ့ရှိပါသည်။ ကျေးရွာတွင်ရှမ်းစာပေယဉ်ကျေးမှု သင်တန်းကျောင်းဖွင့်လှစ်ထားရှိပြီး နှစ်စဉ်ကလေးများ ကျောင်းပိတ်ချိန် နွေရာသီ (၃)လတွင် ဖွင့်လှစ်သင်ကြားလေ့ရှိပါသည်။

ရွာတွင်းတွင်အရပ်လက်သည် ၁ ဦးရှိပြီး ကလေးမီးမဖွားနိုင်သည့်အခြေအနေများတွင် လွိုင်လင် ဆေးရုံကြီးသို့ကားဖြင့် သွားရောက်ကြပါသည်။ ကျေးရွာအတွင်းတွင်တုတ်ကွေး၊ နှာစေးချောင်းဆိုးခြင်းများ ကိုမိုးဦးကျရာသီများနှင့် ဆောင်းရာသီများတွင် အဖြစ်များသည်ကိုတွေ့ရှိရပါသည်။ တခြားရောဂါများအဖြစ် သွေးတိုး၊ ဆီးချိုရောဂါများတချို့ဖြစ်ပွားသည်ကိုလည်း တွေ့ရှိရပါသည်။ တခြားကြီးမားသောရောဂါများ ဖြစ်ပွားသည်ကို မတွေ့ရပေ။

ရွာမှ ၂ မိုင်ခန့်ကွာဝေးသောတောင်ခြေတွင် နမ္မလင်းသဘာဝစိမ့်စမ်းရေရရှိပြီး တစ်နှစ်ပတ်လုံး လုံလောက်စွာသုံးစွဲနိုင်ပါသည်။ နမ္မလင်းသဘာဝစိမ့်စမ်းရေသည် အနီးအနားရွာတစ်ဝိုက်တွင် ရေထွက်အ ကောင်းဆုံးလည်း ဖြစ်ပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ရှမ်းစာပေယဉ်ကျေးမှုကို ခေတ်အဆက်ဆက်ထိန်းသိမ်းလာကြပြီး ၂၀၀၅ ခုနှစ်ကတည်းက ရှမ်းစာ ပေကို ရွာရှိဘုန်းကြီးမှဦးဆောင်၍ သင်ကြားပေးလျက်ရှိပါသည်။ ၂၀၁၀ ခုနှစ်တွင် လူငယ်များဆရာဖြစ် သင်တန်းကိုပင်လုံသို့ (၃) ရက်တက်ရောက်ပြီး ရွာတွင်ပြန်လည်သင်ကြားပေးခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် နမ့်စန်တွင် (၁၅) ရက် သင်တန်းထပ်မံတက်ရောက်ရပါသည်။ ၂၀၁၄ ခုနှစ်တွင် နမ့်စန်၌ ဒုတိယအကြိမ် ဆရာ ဖြစ်သင်တန်းကို ကျား (၁) ဦး၊ မ (၁) ဦး ထပ်မံတက်ရောက်ရပါသည်။ ၂၀၁၅ ခုနှစ်အချိန်အထိ ရွာတွင် ဆရာ (၁၃) ဦး၊ ဆရာမ (၅) ဦး စုစုပေါင်း ၁၈ဦး အထိရှိလာပါသည်။ ကျောင်းသားကျောင်းသူ (၉၀) ကျော်ရှိပါ သည်။ သူငယ်တန်းမှ ငါးတန်းအထိရှိ၍ ရှမ်းလူမျိုး၊ ရှမ်းစာပေ၊ ယဉ်ကျေးမှုမပျောက်ပျက်စေရန်၊ ကာကွယ် ထိန်းသိမ်းရန်အရေးကြီးကြောင်း၊ ရိုးရာဓလေ့ထိန်းသိမ်းရန်လိုကြောင်း နားလည်ထားကြပါသည်။

လူငယ်များအနေဖြင့် အားကစားနှင့်ပတ်သက်၍ ဘောလုံးကန်ခြင်း၊ခြင်းခတ်ခြင်းတို့ကို ညနေခင်း အချိန်များတွင်ပြုလုပ်ကြပါသည်။ တခြားရွာများမှဖိတ်ကြားလျှင်လည်း သွားရောက်ယှဉ်ပြိုင်ဖြစ်ကြပါ သည်။

လူငယ်များအင်တာနက်ဆက်သွယ်ရေးကို သုံးစွဲလာနိုင်ပြီဖြစ်သည်။ မိုဘိုင်းဖုန်းနှင့် ချိတ်ဆက်၍ သုံးစွဲကြခြင်း ဖြစ်ပါသည်။ အင်တာနက်မှတဆင့် သတင်းများဖလှယ်၍ကြည့်ရှုနိုင်နေပြီဖြစ်၍ သတင်းစာ၊ ဂျာနယ်များဝယ်ယူစရာမလိုတော့ပေ။ သို့သော်လည်း လူငယ်များအနေဖြင့်ဖေ့စ်ဘုတ်ဟုခေါ်တွင်သော လူမှုရေးကွန်ယက်ကိုအသုံးများပြီး ၄င်းမှတဆင့်ဗဟုသုတဖြစ်ဖွယ်များကိုသာမကဘဲ တခြားသောမလိုအပ် သောဆိုးကျိုးများကိုလည်း ဖြစ်ပေါ်လာမည်ကို စိုးရိမ်ရပါသည်။

(၉) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

လွိုင်လင်နှင့် ကျေးရွာသို့ဆက်သွယ်ထားသောလမ်းမှာ ကတ္တရာလမ်းဖြစ်၍ နွေ၊ မိုး၊ ဆောင်း အဆင်ပြေစွာသွားလာနိုင်ပါသည်။ ကျေးရွာလယ်လမ်းမှာ မိုးရာသီသွားလာရခက်ခဲ၍ တောင်ကျချောင်းရေကျချိန်တွင် အသက်အန္တရာယ်ပါစိုးရိမ်ရပြီး လမ်းပေါ်ရေကျော်၍ လမ်းပျက်စီးပါသည်။ ရွာအဝင်လမ်း(၁) မိုင် (၄) ဖာလုံကို ကျေးလက်ဦးစီးဌာနမှ ၂၀၁၄ ခုနှစ်တွင် ခင်းပေးထားပါသည်။ ရေကျော်၍ရေကျော်တံတားရေပြွန် (၁) စင်းရှိပြီးတောင်ပေါ်ရှိ ရွာပေါင်း (၁၃) ရွာမှ ဖြတ်၍ လမ်းအသုံးပြုကြပါသည်။ ရွာအဝင်တံတားမှာ ၈ ပေ x ၈ပေx ၆ပေ ရှိ၍ ပင်လုံမြို့သို့ အဓိကသွားရောက်၍ ကုန်စည်ကူးသန်းမှုပြုလုပ်ရာနေရာဖြစ်ပြီး ၄င်းတံတားမှာတံတားကျဉ်း၍ ကားကြီးများဖြတ်၍ မရပါ ။

၂၀၀၁ခုနှစ်က ကိုယ်ထူကိုယ်ထ ရေအားလျှပ်စစ်ပြုလုပ်ဖူးပြီး အိမ်ထောင်စု ၅-၆ အိမ်ခန့် မီးရရှိခဲ့ပြီး ၂ နှစ်အကြာတွင် ပျက်စီးခဲ့၍ ဆက်မလုပ်ဖြစ်တော့ပေ။ ကျေးရွာမှ ၂၀၁၀ ခုနှစ်တွင် နိုင်ငံတော်လျှပ်စစ်မီးရရှိရန် တင်ပြခဲ့ဖူးသော်လည်း ယခုအချိန်အထိ မီးမရရှိခဲ့ပေ။ လျှပ်စစ် ဓါတ်အားလိုင်းနှင့် (၂) မိုင် (၄) ဖာလုံခန့်ဝေး ၍ ကျေးရွာအုပ်စုအနေနှင့်တင်လျှင် ပန်ဝိုး ကျေးရွာ အုပ်စုတွင် (၉) ရွာရှိပြီး အိမ်ထောင်စု (၄၀၀) ကျော်ရှိပါသည်။ကျေးရွာရှိ အိမ်ထောင်စု အချို့ ဆိုလာမီးအသုံးပြုကြပါသည်။

ကျေးရွာတွင် တယ်လီဖုန်းဆက်သွယ်ရေးကွန်ယက်အနေဖြင့် GSM ဖုန်းလိုင်းကို သုံးစွဲနိုင်ပြီဖြစ်ပါသည်။ အိမ်အနည်းစုမှာတီဗွီများရှိ၍ သတင်းစာနှင့် ဂျာနယ်ရောက်ရှိမှုမှာနည်းပါးသေး၍ လွိုင်လင်နှင့် ပင်လုံမှတစ်ဆင့် ဂယ်ယူဖတ်ရှုနိုင်ကြသော်လည်း ရှမ်းစာနှင့် ရေးသားထားသောဂျာနယ်များကိုသာတချို့ဖတ်ကြပါသည်။ စာပေလေ့လာမှု အားနည်း နေသေးပါသည်။

(၈) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာအတွင်းတွင် မှုခင်းဖြစ်ပွားမှုကြီးကြီးမားမား မရှိပါ။ကျေးရွာအတွင်းရဲစခန်းမရှိပါ။ ရာဇဝတ်မှုများမရှိသလောက်ဖြစ်ပြီး၊ ဖြစ်ပွားပါကလည်း ကျေးရွာနှင့် (၃) မိုင် အကွာတွင်ရှိသော လွိုင်လင်ရဲစခန်းသို့ဆက်သွယ်ကြပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

သီးနှံစိုက်ပျိုးရေးအတွက် ကောင်းမွန်သော မိုးရွာသွန်းမှုပုံစံရှိခြင်း၊ သီးနှံစုံဖြစ်ထွန်းနိုင်သော အပူချိန်စသည့် ရာသီဥတုအခြေအနေကောင်းများရှိခြင်းကြောင့် ဈေးကွက်ဝင်သီးနှံစုံ (ဥပမာ – စက်မှုသီးနှံ၊ သစ်သီးပင်များ၊ ဟင်းသီးဟင်းရွက်များစသည်) စိုက်ပျိုးထုတ်လုပ်နိုင်သော အလားအလာကောင်းများရှိပါသည်။ ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် မြန်မာပြည်တစ်ဝှမ်းစားသုံးရန် ဟင်းသီးဟင်းရွက်သစ်သီးဝလံထုတ်လုပ်ခြင်းဖြစ်သည့်အတွက် သီးနှံရောင်းဝယ်ဖောက်ကားမှု ဈေးကွက်လည်းရှိပြီးဖြစ်ပါသည်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ ရရှိရန်ခက်ခဲမှုမရှိသောဒေသတွင်တည်ရှိသည့်ကျေးရွာဖြစ်ပါသည်။ ကျေးရွာသူရွာသားများမှာလည်း ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်ခဲ့သောလုပ်ငန်းဖြစ်သည့်အလျောက် သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို ကျွမ်းကျင်ကြပါသည်။

ကျေးရွာပတ်ဝန်းကျင်တွင် ကုန်းမြင့်ယာမြေနှင့် ဥယျာဉ်ခြံများစိုက်ပျိုးနိုင်မည့် မြေသယံဇာတများရှိခြင်း၊ စားကျက်မြေအဖြစ် အသုံးပြုနိုင်သည့် သဘာဝသစ်တောမြေများရှိခြင်းကြောင့် သီးနှံထုတ်လုပ်ရေးနှင့် တိရစ္ဆာန်မွေးမြူရေးတို့ တိုးတက်လုပ်ကိုင်ရန် အခြေအနေကောင်းများပင်ဖြစ်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင်းတွင် တည်ရှိသည့်ကျေးရွာဖြစ်သည့်အတွက် ဒေသအနေအထား အရကျယ်ပြန့်သောဈေးကွက်သို့ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကောင်းများ အားလက်လှမ်းမီမှု ကောင်းမွန်ပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

သီးနှံစုံစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားတစ်ခုမှာ စိုက်ပျိုးရေးရရှိရေးပင်ဖြစ်သည်။ ကျေးရွာစိုက်ခင်းများအား လက်ရှိတွင် မိုးကောင်းသောက်အဖြစ်စိုက်ပျိုးလျက်ရှိပါသည်။ ရာသီဥတုပြောင်းလဲမှုအရ မိုးခေါင်မှုများကြုံတွေ့လာရခြင်း၊ တစ်နှစ်ပတ်လုံး သီးနှံများများ စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးရေးရရှိရေးအစီအစဉ်များ ရှာဖွေဖော်ထုတ်ရန်လိုအပ်ပါမည်။

တောင်သူငယ်များအတွက် သီးနှံစိုက်ပျိုးစရိတ်၊ တိရစ္ဆာန်မွေးမြူစရိတ်၊ အသေးစားလုပ်ငန်းငယ်များတည်ထောင်လည်ပတ်စရိတ်တို့အတွက် သင့်တော်သောငွေကြေးဝန်ဆောင်မှု မရရှိခြင်းမှာလည်း ကျေးရွာလူထုဖွံ့ဖြိုးရေးအတွက် အဟန့်အတားဖြစ်ပါသည်။

နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းဌာနဆိုင်ရာများက ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များဖြင့် လာရောက်ကူညီဆောင်ရွက်နေသော်လည်း ကျေးရွာလူထု၏ လိုအပ်ချက်အားထိရောက်စွာ ဖြည့်ဆီးနိုင်မည့် အစီအစဉ်မျိုးရရှိရန်လိုအပ်လျက်ရှိပါသည်။

(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ ကျေးရွာသားများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များချမှတ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့်တိုင်ပင်ပြီး အောက်ပါရည်မှန်းချက်များကို ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်ခြင်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ၊ အခြားဝင်ငွေရလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးလာပြီး ကျေးရွာမိသားစုများ၏ ဝင်ငွေတိုးတက်လာရေး၊

(၂) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်လာရေး၊

(၃) ရေရှည်တည်ဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင် ကောင်းများပိုင်ဆိုင်သော ကျေးရွာဖြစ်လာစေရေး၊

(ခ) နည်းဗျူဟာ

(၁) အထက်ပါ ပန်းတိုင်များသို့ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ဆက်သွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှနည်းပညာ၊ ငွေကြေးစသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့၊ ကော်မတီများဖြင့်လည်းညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်မည်။

(၂) ဒေသရာသီဥတုနှင့်ကိုက်ညီသည်. စိုက်ပျိုးနိုင်သောနှစ်ရှည်သီးပင်များဖြစ်သည့် သံပုရာ၊ ကော်ဖီ၊ ထောပတ်၊ သစ်မွှေး၊ မက်မန်းကဲ့သို့သောသီးပင်များကို စိုက်ပျိုးလုပ်ဆောင်ရာတွင် မျိုးကောင်းမျိုးသန့်များရရှိ၍ တစ်ဧကအထွက်နှုန်းတိုးတက်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍမှလက်ရှိထုတ်လုပ်နေသည့် ကုန်ကြမ်းများကို ကုန်ချောအဆင့်သို့ မြှင့်တင်နိုင်ရန် နည်းပညာနှင့် ဗဟုသုတများကိုရယူနိုင်ရန် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။ ဈေးကွက်လိုအပ်ချက်ဖြစ်သော တန်ဖိုးမြင့် အော်ဂဲနစ်ထုတ်ကုန်များထုတ်လုပ်နိုင်သည်အထိ နည်းပညာများရရှိရေး သွင်းအားစုများရရှိရေးကို အစိုးရဌာနဆိုင်ရာနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။

(၃) ထို့အပြင် ကျွဲ၊ နွားတိရိစ္ဆာန် တိုးပွားလာစေရန် ရေရှည်စီမံချက်များချမှတ် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

(၄) ကျေးရွာလူထုအတွက် လုပ်ငန်းအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာရေးအတွက် သီးနှံနှင့် မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရောင်းချရေးဆိုင်ရာ အသေးစားလုပ်ငန်းများတည်ထောင်ခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ စသည်တို့လုပ်ကိုင်နိုင်ရန် ကျေးရွာလူထုအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းရရှိအောင် မြို့နယ်ဌာနဆိုင်ရာများသို့ တင်ပြတောင်းဆိုမည်။

(၅) သက်ဆိုင်ရာဌာနများ၏အကူအညီကိုရယူ၍ ကျေးရွာလူငယ်များ၏ ကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကြောင်း ပညာများတိုးတက်လာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုတိုးတက်ရေး၊ လျှပ်စစ်မီးအိမ်တိုင်းပြည့်ဝစွာ မီးလင်းနိုင်ရေးတို့အတွက် ရေရှည်စီမံချက်များကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားသက်ဆိုင်ရာကော်မတီတို့ ပူးပေါင်း ရေးဆွဲအကောင်အထည်ဖော်ပါမည်။

(၆) မြေဆီလွှာ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ရှိသဘာဝပေါက်ပင်နှင့် သစ်တောများ ပြုန်းတီးမှုလျော့ချရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏အကူအညီယူ၍ အမြင်ဖွင့်သင်တန်းများရယူခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ဆောင်ရွက်မည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများက ကျွန်တို့ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောအကူအညီများတောင်းခံနိုင်ရန် ဆက်သွယ်ရမည့်နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်ထိအစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

(ဈ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည်ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန်လိုအပ်လာပါမည်။ ဆိုးရွားသောသဘာဝဘေးအန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်** ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သောစီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကိုဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြုပ်နှံမှု (ငွေကြေးရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) လူသားချင်းစာနာမှုအထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင်ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသားအုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက်	မှတ်ချက်
စိုက်ပျိုးရေးကဏ္ဍ			
နည်းပညာ သင်တန်း	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး	• မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း • စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ) • စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှုရရှိရန် အစိုးရဌာနသို့တင်ပြခြင်း • အရင်းအနှီး • စပါးရိတ်စက် • မျိုးကောင်းနှစ်ရှည်ပင် • (ထောပတ်၊သရက်၊ လိမ္မော်) • ခိုင်းကျွဲဝယ်ယူရေး။ • လယ်ထွန်စက် ဝယ်ယူခြင်း။ • ကိုင်းကူးကိုင်းဆက်သင်တန်း	
ပညာရေး			
ကလေး ပညာရေး ဖွံ့ဖြိုးရေး	ကျေးရွာ၏ ပညာ တတ်မြောက်မှု တိုးတက်ရေး	• မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ ဦးဆောင်၍ ကျေးရွာမှ ငွေကြေးကောက်ခံရန်။ • မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန်။ • ပညာရေး ကော်မတီ ဖွဲ့စည်းပြီး အောင်နှုန်း မြင့်မားရေး လုပ်ဆောင်ရန်။	
လျှပ်စစ်ဓာတ်အားသုံးစွဲရေး			
လျှပ်စစ်မီး ရရှိရေး	ကျေးရွာလျှပ်စစ်မီး ရရှိရေးအတွက် အစိုးရဌာနနှင့် ချိတ်ဆက် အဆိုပြု တောင်းခံရေး။	• ကျေးရွာမီးလင်းရေး ကော်မတီ ဖွဲ့စည်းရန်။ • လွိုင်လင်မြို့နယ်မှ လျှပ်စစ်မီးပေးသော အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရန်။ • ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း။	•

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက်	မှတ်ချက်
		• သမဝါယမဦးစီးဌာနမှ ချေးငွေရရှိရန် ချိတ်ဆက်ခြင်း။	
ကျန်းမာရေး			
ကျန်းမာရေး တိုးတက်လာစေရေး	အခြေခံကျန်းမာရေးဝန်ဆောင်မှု	• ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း။ • ကျန်းမာရေးဝန်ဆောင်မှု များအား လက်လှမ်းမီမှု တိုးတက်ရေး။ • ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ • ကျန်းမာရေးပညာပေး သင်တန်း • အရန်သားဖွား သင်တန်း • ယင်လုံအိမ်သာခွက်နှင့် ပိုက်	•
အခြားဝင်ငွေရလုပ်ငန်းများ			
သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း	အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရေး	• စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ရန် ရင်းနှီး မြုပ်နှံသူများနှင့် ဆက်သွယ်ခြင်း။ • အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်း ပေးခြင်း။ • အသေးစားကုန် ထုတ်လုပ်သူများအဖွဲ့ ဖွဲ့စည်းရေးနှင့် အကောင်အထည်ဖော်ရေး။ • ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက် ဖွံ့ဖြိုးရေး။ • ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်း နှင့် လုပ်ငန်း အကောင်အထည်ဖော်ခြင်း။ • အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာစေရန် လုပ်ငန်းရှင်များ နှင့် ဆက်သွယ်ခြင်း။	•
တိရစ္ဆာန်မွေးမြူရေး			
ဈေးကွက်နှင့် နည်းပညာ သင်တန်း	အသေးစားနှင့်စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများ တိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်းများ ဖန်တီးရန်	• နည်းပညာပန်ဆောင်မှု နှင့် သင်တန်းများ ပံ့ပိုးပေးခြင်းဖြင့် မွေးမြူရေးထွက်ကုန် မြင့်မားစေခြင်း။ • မြို့နယ် မွေးကုဋ္ဌာနနှင့် ချိတ်ဆက်ခြင်း။ • မွေးမြူရေးထုတ်လုပ်ရေးအတွက်ဈေးကွက်ချဲ့ထွင်မှုလုပ်ဆောင်ခြင်း	

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက်	မှတ်ချက်
အုပ်ချုပ်ရေးကဏ္ဍ			
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။ အုပ်ချုပ်ရေးရုံးဆောက်လုပ်ရန်။	• ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း	• ကျေးလက်ဦးစီး
လူငယ်၊ ယဉ်ကျေးမှု နှင့် အားကစား			
လူငယ်များ စွမ်းဆောင်ရည် တိုးတက်လာစေရေး	လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး	• လူငယ်များစွမ်းဆောင်ရည် မြင့်မားလာခြင်း။ • အခြေခံ ခေါင်းဆောင်မှု သင်တန်း။အဖွဲ့အစည်း စီမံခန့်ခွဲမှု သင်တန်း။ • ဆက်ဆံရေး နှင့် ပဲ့ပိုးမှု တိုးတက်လာစေရေး သင်တန်း။	• ကျေးလက်ဦးစီး
လမ်းပန်းဆက်သွယ်ရေး		• လမ်း၊တံတားကော်မတီဖွဲ့ စည်းခြင်း။ • မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း။ • ရွာလယ်လမ်းပြုပြင်ခြင်း။ • တံတား (၂) စင်းဆောက်လုပ်ခြင်း။ • ရေပြွန်(၆) နေရာပြုလုပ်ခြင်း။	• ကျေးလက်ဦးစီး

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကိုကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး	၁	✓	✓	✓		
၂	ကျေးရွာ၏ပညာတတ်မြောက်မှုတိုးတက်ရေး	၂	✓				
၃	ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက်အစိုးရဌာနနှင့်ချိတ်ဆက်အဆိုပြုတောင်းခံရေး။	၃		✓			
၄	သောက်သုံးရေလုံလောက်စွာရရှိရေး	၄	✓	✓			
၅	ကျန်းမာရေး တိုးတက်လာစေရေး	၅	✓	✓	✓	✓	✓
၆	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၆	✓	✓	✓	✓	✓
၇	အသေးစားနှင့်စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်လာရန်အခြေအနေကောင်းများဖန်တီးရန်	၇	✓	✓			
၈	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ပေးရေး။	၈	✓	✓	✓		
၉	လူငယ်များအားစွမ်းဆောင်ရည်မြှင့်တင်ပေးရေး	၉	✓	✓			
၁၀	လမ်းပန်းဆက်သွယ်ရေး	၁၀	✓	✓			

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကိုဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေးအစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး

နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှဝါးနှစ်တာကာလအတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး					
၂	ကျေးရွာ၏ပညာတတ်မြောက်မှုတိုးတက်ရေး					
၃	ကျေးရွာလျှပ်စစ်မီး ရရှိရေးအတွက် အစိုးရဌာနနှင့် ချိတ်ဆက်အဆိုပြုတောင်းခံရေး။					
၄	သောက်သုံးရေလုံလောက်စွာရရှိရေး					
၅	ကျန်းမာရေး တိုးတက်လာစေရေး					
၆	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး					
၇	အသေးစားနှင့်စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်လာရန်အခြေအနေကောင်းများဖန်တီးရန်					
၈	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။					
၉	လူငယ်များအားစွမ်းဆောင်ရည်မြှင့်တင်ပေးရေး					
၁၀	လမ်းပန်းဆက်သွယ်ရေး					

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင် အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန် တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

(ဃ) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျေးရွာ၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ ပူးပေါင်းပါဝင်လာအောင်ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကိုစနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံချက်လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက်စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက် နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသောအခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့် စုံမှပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာဆောင်ရွက် နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများနှင့် သက်ဆိုင်သောမြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိအင်ဂျီအိုအဖွဲ့များ) စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင်အချိန်ပိုင်း အလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

(၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၆	၆	၁၂	၃.၆%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၂၀	၁၉	၃၉	၁၁.၆%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၁၄	၁၄	၂၈	၈.၄%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၁၃	၂၅	၃၈	၁၁.၃%	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၉၂	၁၁၀	၂၀၂	၆၀.၃%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၆	၁၀	၁၆	၄.၈%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၁၅၁**	**၁၈၄**	**၃၃၅**	**၁၀၀%**	
အိမ်ထောင်စုပေါင်း (၆၀)			**တစ်အိမ်ထောင်စုပျှမ်းမျှလူဦးရေ (၅-၆)ဦး**		

ရည်ညွှန်း။ ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသ တင်းအချက်အလက်များ(၂၈-၃၀၊ဩဂုတ်လ၊၂၀၁၅)

ကျေးရွာတွင်မိသားစု (၆၀) စု ရှိပြီး လူဦးရေစုစုပေါင်း (၃၃၅) ဦး ရှိပါသည်။ ပျမ်းမျှ တစ်မိသားစုလျှင် (၅) ဦးမှ (၆) ဦးအထိ ရှိပါသည်။ အသက် (၁၅နှစ်မှ၆၀နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေ ၆၀.၃% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ် အထက် လူဦးရေစုစုပေါင်း ၃၉.၇ % သည် မှီခိုသူများ ဖြစ်ကြပါသည်။

(၁.၂) လုပ်သားအင်အား

ဇယား (၂) လုပ်သားအင်အား

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	အိမ်ထောင်စုအကိုင် %	တွဲဖက်အလုပ်အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၅၇	၉၅.၀ %		လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ဆောင်သည့် အိမ်ထောင်စုများဖြစ်သည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား			၄၈	စိုက်ပျိုးရေးနှင့်တွဲဖက်၍လုပ်ကိုင်သောအိမ်ထောင်စုများမှာလက်သမားပန်းရံ(၈)စု၊ဖျာယက်(၂၀)စု၊ကျပန်း(၂၀)စု

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	မိသားစုဝင် လုပ်အား				
၂	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			၂၀	ဖျာယက်(စိုက်ပျိုးရေးနှင့်တွဲဖက်၍လုပ်ကိုင်)
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၂	၃.၃%		လက်သမား၊ပန်းရံခေါင်းဆောင်
	အလုပ်သမား၊ ကျပန်း၊			၈	လက်သမားပန်းရံနောက်လိုက်(စိုက်ပျိုးရေးနှင့်တွဲဖက်၍လုပ်ကိုင်)
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၉	*ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၀	*လက်လီ-လက်ကား ရောင်းဝယ်ရေး*				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁.၇%		ကုန်စုံဆိုင်
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၁	*ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၂	*ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၃	*ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၄	*အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၅	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၆	*ပညာရေး*				
	ကိုယ်ပိုင် လုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၇	***ကျန်းမာရေး*** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၈	***လူမှုရေး လုပ်ငန်းများ*** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
	စုစုပေါင်း	၆၀	၁၀၀ %	၅၆	**စုစုပေါင်း**

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်း အချက်အလက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

စိုက်ပျိုးရေးလုပ်ကိုင်သူ အိမ်ထောင်စု (၉၅) ရာခိုင်နှုန်းရှိသောကြောင့်စိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်းကျောင်းပြုလုပ်ကြောင်း တွေ့ရပါသည်။ မွေးမြူရေးအဓိကလုပ်သောအိမ်ထောင်စုမရှိပါ။ အခြားကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ အနည်းအကျဉ်းရှိသည်ကို တွေ့ရပါသည်။

(၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

(၁.၃.၁) ကျေးရွာ၏ စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးနိုင်သောမြေဧရိယာ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေးကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက)
လယ်မြေ	၂၇.၅	သင့်	မရ	မိုးကောင်းသောက်
တောင်ယာ	၄၉	ကောင်း	မရ	မိုးကောင်းသောက်
ဥယျာဉ်	၂၂	ကောင်း	မရ	မိုးကောင်းသောက်
အိမ်ခြံဝင်းစိုက်ခင်း	၂၈.၅	ကောင်း	မရ	မိုးကောင်းသောက်
ပလပ်မြေ	၄၀	ကောင်း	မရ	မိုးကောင်းသောက်
စုစုပေါင်း	**၁၆၇**			

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

နောင်တောင်းကျေးရွာသည် လွိုင်လင်မြို့နယ်နှင့် ပင်လုံမြို့ကားလမ်းဘေးတွင် တည်ရှိ၍ရွာတွင်းသို့ (၁) မိုင်၊ (၄) ဖာလုံ အရှည်ကျောက်ခင်းလမ်းမှ ဝင်ရောက်ရပါသည်။

ကျေးရွာအပေါ်ထိပ်တွင် နမ္မလင်းရေထွက်တစ်ခုရှိ၍ ရွာသူရွာသားများမှ သောက်သုံးရေအဖြစ် အသုံးပြုကြပါသည်။ ကျေးရွာအောက်ဘက်တွင် နောင်တောင်းရေကန်ရှိ၍ ၄င်းရေထွက်မှ လွိုင်လင်တစ်မြို့လုံးသို့ရေပေးဝေလျက်ရှိပြီး ရွာသူရွာသားများအသုံးမပြုရပေ။ ရေကန်ပတ်ဝန်းကျင်တွင် သဘာဝသစ်တောများထိန်းသိမ်းထားပါသည်။

မြေဩဇာအသင့်အတင့်သာကောင်းမွန်သော စိုက်ပျိုးမြေများဖြစ်ပါသည်။ စိုက်ပျိုးရေးအတွက်မိုးရေကိုသာအဓိက အားကိုးပြီးလုပ်ကိုင်ကြပါသည်။ နမ္မလင်းရေထွက်မှရေကို UNODC အစီအစဉ်ဖြင့် ၂၀၁၄ ခုနှစ်တွင် ကျပ်သိန်း (၄၇) သိန်း အကုန်ကျခံ၍ စိုက်ပျိုးရေအတွက်ရေသွယ်ယူခြင်းဆောင်ရွက်ပေးခဲ့သော်လည်း ယခုအခါ နွေရာသီရေခက်ခဲလာသဖြင့် စိုက်ရေအဖြစ်မသုံးတော့ဘဲသောက်ရေအဖြစ် ပြန်သွယ်ထားပါသည်။

လယ်မြေဧက (၂၇.၅) ဧက၊ ယာ (၄၉) ဧက၊ ဥယျာဉ် (၂၂) ဧကရှိပါသည်။ ကျေးရွာမြေလွတ်မြေရိုင်း (၄၀) ဧကရှိ၍ နှစ်ရှည်စိုက်ပျိုးသီးနှံများ အစားထိုးစိုက်ပျိုးနိုင်သော်လည်း အရင်းအနှီးနှင့်နည်းပညာမသိရှိပေ။ UNODC မှကော်ဖီစိုက်ပျိုးနည်းပညာနှင့် ပျိုးပင်များပေးပြီး ယခုအခါ (၂၂) ဧက စိုက်ပျိုးပြီးဖြစ်ပါသည်။ ၁ ဧကလျှင် ကော်ဖီပင် (၁၄၀၀-၁၅၀၀) စိုက်ပျိုးပြီး အပင် (၁၂၀၀) ခန့် ရှင်သန်အောင်မြင်ကာ ယခုအခါ တစ်နှစ်သားခန့်ရရှိပြီးဖြစ်ပါသည်။

အိမ်ခြံဝင်းသီးနှံစိုက်ပျိုးမြေ ပျမ်းမျှ (၂၈.၅) ဧက ရှိ၍ ငရုတ်သီး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ သခွား၊ ဂျင်း၊ဖရုံ၊ပဲပုတ်၊ငှက်ပျော စသည့်အပင်များကို စိုက်ပျိုးကြပါသည်။

(၁.၃.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု(များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု(လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ခါတ်ငွေ့/ရေနံ)	မရှိ	လက်လမ်းမမှီ
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့်	ရှိ	လက်လမ်းမမှီ
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	သင့်	ခက်
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	ခက်

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား(၅) ဥစ္စာဓနအဆင့်အနေအထား

အကြောင်းအရာ	သတ်မှတ်စံနှုန်း: အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသောအိမ်ထောင်စု	အလွန်ဆင်းရဲသောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ်-၂-၃ ဧက၊ ရေခဲ့၊တောင်ပေါ်ခဲ့	လယ်-၁ဧက၊ ရေခဲ့၊တောင်ပေါ်ခဲ့	ရေခဲ့၊ဥယျာဉ်ခဲ့အနည်းငယ်	-
အိမ်အခြေအနေ	၂ထပ်၊သွပ်မိုး၊ ပျဉ်ကာ၊ပျဉ်ခင်း	သွပ်မိုး၊ပျဉ်ကာ၊ ပျဉ်ခင်း	သွပ်မိုး၊ထရံကာ၊ပျဉ်ခင်း	သွပ်မိုး၊ထရံကာ၊ ဝါးခင်း
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	ထော်လာဂျီ၊ လက်တွန်းထွန်စက်၊ရေစုပ်စက်၊ ကျွဲ-၅ကောင်	ကျွဲ-၁-၂ကောင်	-	-
အခြားပိုင်ဆိုင်မှု	ဆိုင်ကယ်-၃စီး၊ ဖုန်း-၂လုံး၊ ဆိုလာ-၁လုံး တီဗွီ-၁လုံး	ဆိုင်ကယ်-၂စီး၊ ဖုန်း-လုံး၊ဆိုလာ-၁လုံး	ဆိုင်ကယ်-၁စီး၊ဖုန်း-လုံး၊ဆိုလာ-၁လုံး	ဆိုင်ကယ်-၁စီး၊ဖုန်း-၁လုံး၊
အိမ်ထောင်စုပေါင်း (၆၀)စု	**(၂၆) အိမ် ၁၃.၄%**	**(၆၃) အိမ် ၃၂.၄%**	**(၉၀) အိမ် ၄၆.၃%**	**(၁၅) အိမ် ၇.၇%**

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၁.၅) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

(၁.၅.၁) ဝမ်းစာဖူလုံမှု

ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု ဇယား (၆) ဝမ်းစာဖူလုံမှု

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၇	၂၃.၃%	ကျေးရွာစျေးဆိုင်များမှအကြွေးယူရခြင်း၊ ဆွေမျိုးသားချင်းများထံမှငွေချေးငှားစားသုံးခြင်း၊ကျေးရွာမှငွေတိုးပေးသူများထံမှငွေတိုးယူပြီးစားနပ်ရိက္ခာဝယ်ယူစားသုံးရသည်။
၃လနှင့်၅ လအထိ	၈	၂၆.၇%	ကျေးရွာစျေးဆိုင်များမှအကြွေးယူရခြင်း၊ ဆွေမျိုးသားချင်းများထံမှငွေချေးငှားစားသုံးခြင်း၊ကျေးရွာမှငွေတိုးပေးသူများထံမှငွေတိုးယူပြီးစားနပ်ရိက္ခာဝယ်ယူစားသုံးရသည်။
၆လမှ ၁၂ လအထိ	၁၅	၅၀%	ဆွေမျိုးသားချင်းများချေးယူခြင်း၊စျေးဆိုင်များအကြွေးယူခြင်း၊လုပ်ငန်းရှင်များထံမှလုပ်အားခ ကြိုတင်ယူသုံးစွဲခြင်း။

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၁.၅.၂) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား(၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖခနှစ်နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ			
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ	–	–	–
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ			
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ			
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက်			

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
	နေထိုင်လုပ်ကိုင်နေသူ			

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ (၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၁.၅.၃) ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်အခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	မြေယာမဲ့များနှင့်မြေယာအနည်းငယ်သာပိုင်ဆိုင်သူများသည်လိုအပ်သောအာဟာရဓါတ်ကိုလုံလောက်စွာမရရှိခြင်း၊
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...)	မြင့်	စိုက်ပျိုးရေဆောင်းနှင့်နွေမရရှိ။
၃	ရေကြီးခြင်း	လတ်	တခါတရံမိုးရာသီမိုးကြီးချိန်တွင် တောင်ကျရေအရှိန်ဟုန်ပြင်းစွာစီးဆင်း၍လူနှင့်တိရစ္ဆာန်အန္တရာယ်ရှိနိုင်။
၄	သစ်တောပြုန်တီးခြင်း		တောင်ပေါ်ရှိစိုက်ခင်းများမှနှစ်စဉ်တိုးချဲ့စိုက်ပျိုးမှုကြောင့်သစ်တောများပြုန်းတီးမှုများပြားလာ။
၅	မိုးခေါင်ခြင်း	လတ်	ဝါထပ်နှစ်တိုင်းမိုးခေါင်။
၆	မုန်တိုင်း	လတ်	တခါတရံလေဆင်နှာမောင်းတိုက်ခတ်
၇	မီးဘေး	လတ်	တခါတရံပေါ့ဆမီးလောင်
၈	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်	မိုးရေကြီးချိန်တွင် ရေတိုက်စားမှုဖြစ်ခြင်းကြောင့်။
၉	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲ စသည်	နိမ့်	မြို့နှင့်ဒုမိုင်ကျော်သာဝေးရွာလမ်းပြုပြင်ထားပြီးကျောက်ခင်းလမ်းဖြစ်

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ (၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၁.၅.၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေးဝါးအန္တရာယ်ရှိနိုင်။

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်	တောင်ပေါ်သို့လုပ်ငန်းခွင်ဝင်ရောက်ချိန်နယ်မြေအနေအထားအရ လက်နက်ကိုင်အဖွဲ့အစည်းများ၏ အန္တရာယ်ကြုံတွေ့။ကုန်စျေးနှုန်းကြီးခြင်းနှင့်လုပ်အားခနည်းခြင်း။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်	တောင်ပေါ်သို့လုပ်ငန်းခွင်ဝင်ရောက်ချိန်နယ်မြေအနေအထားအရ လက်နက်ကိုင်အဖွဲ့အစည်းများ၏ အန္တရာယ်ကြုံတွေ့။ကုန်စျေးနှုန်းကြီးခြင်းနှင့်လုပ်အားခနည်းခြင်းတို့ကြုံတွေ့နိုင်။
၄	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	မိုးရာသီ ၄ လသာလုပ်အားခရကျန်သော ၄လ ဝင်ငွေနဲနဲရှိကျန် ၄လ အလုပ်မရှိ အလုပ်ကိုင်ရှားပါး၍စားနပ်ရိက္ခာဖူလုံမှုမရှိနိုင်။
၅	ရွှေပြောင်းလုပ်သားများ	မြင့်	ထိုင်းနိုင်ငံသို့သွားရောက်၍အလုပ်လုပ်သူများပြား၍လုံခြုံစိတ်ချရမှုအန္တရာယ်ရှိနိုင်။

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သောဆင်းရဲသည့်အိမ်ထောင်စုများ၊ အဆင်းရဲဆုံးတောင်သူများနှင့် မြေယာမဲ့ကျပန်း အလုပ်သမားများ ဖြစ်ကြသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ပိုင်ဆိုင်မှုများနှင့် စားနပ်ရိက္ခာဖူလုံမှုမရှိသော မိသားစုများဖြစ်ကြသည်။ ကျေးရွာအတွင်းရှိအနည်းငယ်သော လူငယ်အချို့မှာ၎င်တို့ပိုမိုရရှိနိုင်ရန်အတွက် အိမ်နီးချင်းထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့သို့ သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေး လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသောအရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသောမူဝါဒများ ချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ကျေးရွာအုပ်ချုပ်ရေးအဖွဲ့	၂	၂		၂	စီမံခန့်ခွဲရေး	၅	၇
၂	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	၂	၉	၂	၁၁	သီးနှံအစားထိုးစိုက်ပျိုးခြင်းနှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး	၅	၇
၃	ရပ်မိရပ်ဖအဖွဲ့	၂	၉		၉	အကြံပြုဆွေးနွေးတိုင်ပင်ပူးပေါင်းဆောင်ရွက်	၄	၆
၄	လူငယ်အဖွဲ့	၂	၁	၁	၂	လူမှုရေး	၄	၆
၅	လူငယ်ဂေတ်အဖွဲ့	၃	၄	၃	၇	ယဉ်ကျေးမှု	၄	၆

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

(၂.၁.၂) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	UNODC	၄	ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစားထိုးသီးနှံ စိုက်ပျိုးရေး

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၁၈–၂၀/၇/၂၀၁၅)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ - ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဝင် (၂) ဦးရှိ၍ ကျေးရွာ၏ စီမံခန့်ခွဲမှုကိစ္စရပ်များအား ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အိုများပူးပေါင်း၍ ဆောင်ရွက်ကြပါ သည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

၄င်းကော်မတီဖွဲ့စည်းခြင်းကို ၂၀၁၁ခုနှစ် UNODC အဖွဲ့ဝင်ကတည်းကဖွဲ့စည်းပေးထားခဲ့ခြင်းဖြစ်ပါသည်။ကျေးရွာ၏ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးခြင်းနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ဖွဲ့စည်းထားခဲ့ပါသည်။ ပွင့်လင်းမြင်သာမှုနှင့် အများသဘောတူဆုံးဖြတ်ချက်အရရွေးချယ်ဖွဲ့စည်းရန် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းကော်မတီကို တာဝန်ဝတ္တရားအလိုက် အဖွဲ့ဝင် (၁၁) ဦးကို ကျား (၉) ဦး၊ မ (၂) ဦးဖြင့် ထည့်သွင်းဖွဲ့စည်းခဲ့ကြပါသည်။

ကျေးရွာ ပြင်ပအဖွဲ့အစည်း

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာ တိုက်ဖျက်ရေးအဖွဲ့ UNODC မှ သီးနှံအစားထိုး စိုက်ပျိုးရေးအတွက် ခေတ်မှီစိုက်ပျိုးရေးစနစ်များ သင်ကြားပေးခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေး လုပ်ငန်းစဉ်များအတွက် ဆောင်ရွက်လျက်ရှိပါသည်။

(၂.၂) စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

(၂.၂.၁) စိုက်ပျိုးရေးသီးနှံ

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

ဇယား(၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၁	၁၈%	မြေမဲ့ယာမဲ့
၂	၂ ဧကအောက်	၃၄	၅၇%	ဆင်းရဲသားတောင်သူ
၃	၂ ဧကမှ - ၃ ဧကထိ	၁၅	၂၅%	တောင်သူငယ်
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၆၀**	**၁၀၀ %**	

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) တွင် ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ အိမ်ထောင်စု (၆၀) စု၏ ၇၅% ခန့်သည် ဆင်းရဲသည်ကိုတွေ့ရပါသည်။ အဆိုပါဆင်းရဲသည်ဟု သတ်မှတ်ထားသောသူများသည် မြေယာ မဲ့များနှင့် စိုက်ပျိုးမြေ (၂) ဧကအောက်ပိုင်ဆိုင်သောသူများ၊ ကျပန်းအလုပ်သမားများ ဖြစ်ကြပါ သည်။ ၂၅% ခန့်မှာ စိုက်ပျိုးမြေ (၃) ဧက အထိပိုင်ဆိုင်သူများနှင့် ၄င်းတို့ထဲမှ တချို့မှာ စိုက်ပျိုး ရေးသုံးစက်ပစ္စည်းကိရိယာများ ပိုင်ဆိုင်သောသူများ ဖြစ်ကြသည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား(၁၃) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်)
-	-	-	-	-

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၂၇.၅	တင်း	၂၅	၃၀	၂၈	ဝါဆိုလမှ တန်ဆောင်မုန်းလထိ	နိမ့်	နိမ့်	ဝမ်းစာဖူလုံမှုအတွက်
အာလူး	၈	ပိဿာ	၁၅၀၀	၂၀၀၀	၁၈၀၀	နတ်တော်လမှတပို့တွဲလထိ	မြင့်	မြင့်	
ပြောင်းဖူး	၂၈ ဧက	ပိဿာ	၈၀၀	၁၀၀၀	၉၀၀	နယုန်လမှ တန်ဆောင်မုန်းထိ	နိမ့်	မြင့်	
ဂျုံး	၁၉	စီး/ပိဿာ	အပင်/ဖူး-၁၀၀၀ စီး၊ အမြစ်-၅၀ ပိဿာ	၁၂၀၀/ ၆၀		တန်ခူးလမှနတ်တော်လ	နိမ့်	လတ်	ဒေသမျိုးကိုကိုယ်တိုင်မျိုးခံ၍စိုက်၊အပင်/အဖူး၁၅ရက်တကြိမ်ဖြတ်
ပိန်းဥ	၄	ပိဿာ	၂၀၀၀ ပိဿာ	၂၅၀၀ ပိဿာ	၂၂၅၀ ပိဿာ	ကဆုန်လမှဝါခေါင်လထိ	နိမ့်	မြင့်	ဒေသမျိုးကိုကိုယ်တိုင်မျိုးခံ၍စိုက်၊
စပါး	၂၇.၅	တင်း	၂၅	၃၀	၂၈	ဝါဆိုလမှ တန်ဆောင်မုန်းလထိ	နိမ့်	နိမ့်	ဝမ်းစာဖူလုံမှုအတွက်

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

တောင်သူ (၄၉) အိမ်ထောင်စုဦးခန့်ရှိပြီး စိုက်ပျိုးလယ်မြေ(၂၇.၅)ဧကနှင့် ယာမြေ (၄၉) ဧက၊ ဥယျာဉ်ခြံမြေ (၂၂ဧက) ရှိပြီး ပျမ်းမျှတောင်သူ တစ်ဦးလျှင် (၃) ဧကမှ (၅) ဧက ကြားပိုင်ဆိုင်ကြ သည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာအဓိကအားကိုးပြီးလုပ်ကိုင်ကြပါသည်။

ပြောင်းဖူး

ပြောင်းဖူးကို(၂၈) ဧကခန့် စိုက်ပျိုးပါသည်။ တစ်နှစ်တွင် ပြောင်းသီးနှံကို မိုးသီးနှံအဖြစ် ဇွန် လတွင်စိုက်ပျိုး၍ နိုဝင်ဘာလတွင် ရိတ်သိမ်းကြပါသည်။ ပြောင်းပင်များကို စိုက်ပျိုးပြီး (၆) လအ ကြာတွင် ရိတ်သိမ်းနိုင်ပါသည်။ ပြောင်းမျိုးမှာ (၈၈၈) မျိုးဖြစ်၍ ၁ ဧကလျှင် နို့ဆီဗူး (၁၀) ဗူး အစေ့ချ စိုက်ပျိုးရပါသည်။မျိုးစေ့နှုန်းမှာ ၁ဧကလျှင် (၁၂၅၀၀) ကျပ်ကုန်ကျပါသည်။ မျိုးကိုပင်လုံစိုက်ပျိုး ရေးဆိုင်များမှ သွားရောက်ဝယ်ယူရပါသည်။ ပြောင်းအထွက်နှုန်းမှာ တစ်ဧကလျှင် ပိသာ(၁၀၀၀) ခန့် ဖြစ်ပါသည်။ တီစူပါဓါတ်မြေဩာ (၁) အိတ်ထည့်ရ၍ စေ့နှုန်းမှာ (၁၅၀၀၀) ကျပ်ကုန်ကျပါသ သည်။ အလုပ်သမားခတစ်ဦးလျှင် (၃၅၀၀) ကျပ်ပေးရ၍ တစ်ဧကလျှင် အလုပ်သမား (၂၀) ဦး အသုံး ပြုရ၍ (၇၀၀၀၀) ကျပ်ကုန်ကျပါသည်။ ပြောင်းတစ်ပိသာကို (၃၀၀) ကျပ်ဖြင့် ဝယ်ယူပါသည်။ ပြောင်းတစ်ဧကမှ ဝင်ငွေ (၃၀၀၀၀၀) ကျပ်ခန့်ရရှိ၍ အမြတ်တစ်ဧကလျှင် ပျမ်းမျှ (၂၂၅၀၀၀) ကျပ် ခန့်ရရှိပါသည်။ ရိတ်သိမ်းပြီးသောပြောင်းများကို ၃ မိုင်ဝေးသော ပင်လုံနှင့် လွိုင်လင်မြို့များသို့ တင်ပို့ ရောင်းချပါသည်။

စပါး

ကျေးရွာ၏စပါးစိုက်ဧကမှာ (၂၇.၅) ဧကခန့်ဖြစ်ပါသည်။ အများစုမှာ (ဒေသမျိုး) စပါးမျိုးကို စိုက်ပျိုးပါသည်။ မိုးရေကိုအဓိကထားစိုက်ပျိုးပြီး စိုက်ချိန်မှာဇူလိုင်လဖြစ်ပြီး နိုဝင်ဘာလတွင်ရိတ် သိမ်းပါသည်။ မိုးကောင်းသောက်မြေဖြစ်သောကြောင့် အထွက်နှုန်းမှာ (၂၅-၃၀) တင်းဖြစ်ပါသည်။ မျိုးစေ့ကို ကိုယ်ပိုင်ချန်ထားပြီး စိုက်ပျိုးလုပ်ကိုင်ပါသည်။

ပုလဲဓါတ်မြေဩာ တစ်အိတ်စေ့နှုန်း (၂၅၀၀၀) ကျပ်ကုန်ကျ၍ တီစူပါဓါတ်မြေဩာ (၁) အိတ်စေ့နှုန်းမှာ (၁၅၀၀၀) ကျပ်ပေးရပါသည်။ တစ်ဧကလျှင် ပုလဲဓါတ်မြေဩာ (၂) အိတ် ထည့်ရ၍ တီစူပါဓါတ်မြေဩာ(၁)အိတ်ထည့်ရပါသည်။ ဓါတ်မြေဩာအတွက်ကုန်ကျစရိတ်မှာ မှာ(၆၅၀၀၀) ကျပ်ကုန်ကျပါသည်။နွားချေးတစ်ပုံးလျှင် (၄၀၀) ကျပ် ပေးရ၍ တစ်ဧကလျှင် နွားချေးပုံး(၂၀၀) ခန့်ထည့် ရပါသည်။စုစုပေါင်းနွားချေးအတွက် ကုန်ကျစရိတ် (၈၀၀၀၀)ကျပ် ခန့်ကုန်ကျပါသည်။ အလုပ်သမားခတစ်ဦးလျှင် (၃၀၀၀) ကျပ် ပေးရ၍ တစ်ဧကလျှင် အလုပ်သမား (၂၀) ဦး အသုံးပြုရ၍ (၆၀၀၀၀) ကျပ်ကုန်ကျပါသည်။ စပါးကြိတ်ခွဲခ တစ်တင်း (၄၀၀)ကျပ်ပေးရပါသည်။ ဆန်တစ်တင်းကို (၁၈၀၀၀) ကျပ် ဖြင့် ဝယ်ယူပါသည်။ စပါးတစ်ဧကမှ ဝင်ငွေ (၂၃၄၀၀၀) ကျပ် ခန့်ရရှိ၍ အမြတ်တစ်ဧကလျှင် ပျမ်းမျှ (၃၀၀၀၀)ကျပ်ခန့်ရရှိပါသည်။စပါးကို ဝမ်းစာဖူလုံမှုရရှိရန်

သာစိုက်ပျိုးကြပါသည်။ အထွက်နည်းရခြင်းမှာ ဒေသမျိုးဖြစ်ခြင်း၊ မြေဆီလွှာမကောင်းခြင်း တို့ကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးသောစပါးများမှာ တစ်ပိုင်တစ်နိုင်အဆင့်သာ ရှိပါသည်။ ထို့ကြောင့် ဆန်စပါးရောင်းချရန် ဈေးကွက်လိုအပ်ချက်ထက် စပါးသီးနှံမျိုးကောင်းမျိုး သန့်နှင့် အမှန်တကယ်စိုက်ပျိုးလိုသောတောင်သူများသာ လိုအပ်ပါသည်။ စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်းမရှိသေးပါ။ တစ်ပိုင်တစ်နိုင်သာစိုက်ပျိုးကြပါသည်။

လက်ရှိစိုက်ပျိုးနေသော ဒေသမျိုးစပါးများနေရာတွင် အထွက်ကောင်း၍စားသုံးမှုလည်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များပြောင်းလဲစိုက်ပျိုးရန် လိုအပ်ပါသည်။

အာလူး

ကျေးရွာ၏အာလူးစိုက်ဧကမှာ (၈) ဧက ခန့်ဖြစ်ပါသည်။ စိုက်ပျိုးချိန်အနေဖြင့် အာလူးကို ဒီဇင်ဘာလတွင်စိုက်ပျိုး၍ ဖေဖော်ဝါရီလတွင်ရိတ်သိမ်းပါသည်။ အာလူးမျိုးမှာ အောင်ပန်းမျိုးဖြစ်ပြီး ပင်လုံစိုက်ပျိုးရေးဆိုင်မှဝယ်ယူရပါသည်။ အာလူးတစ်ပိသာစိုက်လျှင် ပျမ်းမျှ(၅)ပိသာ ထွက်ရှိပါသည်။ အာလူးမျိုး တစ်ပိသာလျှင် (၁၀၀၀)ကျပ်ပေး ရ၍ တစ်ဧကလျှင် (၄၀၀) ပိသာခန့်စိုက်ရပါသည်။ နွားချေးပုံး (၂၀၀) ခန့်သုံးရ၍ နွားချေးဖိုး ကျပ်(၈၀၀၀၀) ကျပ်ကုန်ကျပါသည်။ မြေဩဇာအနေဖြင့် ပုလဲ၊ တီစူပါကိုသုံး၍ ကုန်ကျစရိတ်မှာတစ်ဧကလျှင် (၁၂၆၅၀၀) ကျပ်ခန့်ကုန်ကျပါသည်။ အလုပ်သမားခမှာ (၃၀၀၀) ကျပ်ပေး၍ တစ်ဧကလျှင် အလုပ်သမား(၃၀)ဦး အသုံးပြု၍ ကုန်ကျစရိတ် (၉၀၀၀၀) ကျပ်ရှိပါသည်။ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး တစ်ဧက အထွက်နှုန်းမှာ (၁၅၀၀-၂၀၀၀) ပိသာဖြစ်ပါသည်။ အာလူး တစ်ပိသာဈေးနှုန်းမှာ (၆၀၀) ကျပ်ခန့်ရရှိ၍ ထွက်ရှိလာသောအာလူးကို လွိုင်လင်နှင့် ပင်လုံမြို့ပွဲရုံသို့ ရောင်းချပါသည်။ တစ်ဧက (၁၂၀၀၀၀၀) ကျပ်ခန့် ရရှိပါသည်။ အမြတ်မှာ (၅၀၀၀၀၀)ကျပ်ခန့်ရရှိပါသည်။

အာလူးမျိုးကောင်းမျိုးသန့်များရရှိရေးမှာ ကျွန်ုပ်တို့ ကျေးရွာအတွက်အရေးကြီးပါသည်။

ဂျုံး

ဂျုံးကို ဧပြီလမှ ဒီဇင်ဘာလများတွင် စိုက်ပျိုးပြီး စိုက်ဧကမှာခန့်မှန်း(၁၉) ဧကခန့်ဖြစ်ပါသည်။ ဂျုံးကို အိမ်ထောင်စု (၂၀) စုမှ စိုက်ပျိုးကြပါသည်။ မျိုးမှာဒေသမျိုးကိုသာချန်၍ စိုက်ပျိုးကြပါသည်။ မျိုး (၁) ပင်ကို (၃) ပင် ခွဲ၍ စိုက်ပျိုးပါသည်။ ဓါတ်မြေဩဇာနှင့်နွားချေးဖိုးကုန်ကျငွေမှာ (၄၈၀၀၀) ကျပ်ခန့်ဖြစ်သည်။ အလုပ်သမားခမှာ (၃၀၀၀၀) ကျပ်ခန့်ကုန်ကျပါသည်။ ရာသီဥတုအ ခြေအနေနှင့် မိုးရွာသွန်းမှုပေါ်မူတည်ပြီး (၁၈ ပေ ၆ပေ) တစ်ကွက်လျှင် ဂျုံးမြစ် (၅၀-၆၀) ပိသာခန့် ထွက်ရှိပါသည်။ သက်တမ်းမှာ (၉) လခန့်ဖြစ်ပါသည်။ စိုက်ပျိုးပြီး (၂) လအကြာတွင် ဂျုံးဖူးကိုခူး၍ ရပြီဖြစ်၍ (၁၅) ရက် တစ်ကြိမ်ခူးယူပါသည်။ တစ်ကွက်ကို ဂျုံးဖူးအစီး (၁၀၀၀) ခန့်ရရှိ၍ ဈေးနှုန်း မှာတစ်စီး (၁၀၀) ကျပ်ရရှိပါသည်။ အပင်မှာ (၃)ပင်တစ်စီးလျှင်(၁၀၀)ကျပ်ရရှိ၍ (၁၅)ရက်လျှင် ဂျုံးပင် (၁၂၀၀) ခန့်ထွက်ရှိပါသည်။ စိုက်ပျိုးချိန် (၉) လကြာပြီးသည့်အခါ ဂျုံးမြစ်ကိုတူးဖော် ရယူနိုင်ပြီဖြစ်၍ တစ်ပိသာ (၁၀၀၀) ကျပ်ရရှိ၍ တစ်ကွက်လျှင် ပိသာ(၅၀) ထွက်ရှိပါသည်။ ပင်လုံ ဈေးကွက်နှင့်လွိုင်လင် ဈေးကွက်များတွင်သွားရောက်ရောင်းချကြပါသည်။

ဝိန်းဥ

ဝိန်းဥသီးနှံကို အိမ်ခြံဝင်းသီးနှံအဖြစ်စိုက်ပျိုးပြီး ၊ မေလ မှ ဩဂုတ်လအတွင်းတွင် စိုက်ပျိုးပြီး စိုက်ဧကမှာခန့်မှန်း (၄) ဧက ခန့်ဖြစ်ပါသည်။ ဝိန်းဥကို အိမ်ထောင်စု (၆) စုမှ စိုက်ပျိုးကြပါသည်။ မျိုးမှာဒေသမျိုးကိုသာချန်၍ စိုက်ပျိုးကြပါသည်။ (၁) ပိသာစိုက်လျှင် (၅) ပိသာထွက်ရှိပါသည်။ ပြာမှုန့်ထည့်ရပါသည်။ တစ်ဧကလျှင် အလုပ်သမား(၃၀) ယောက်ခန့်သုံးရ၍ ရာသီဥတု အခြေအနေနှင့် မိုးရွာသွန်းမှုပေါ်မူတည်ပြီး တစ်ဧကလျှင် (၂၀၀၀-၂၅၀၀) ပိသာခန့် ထွက်ရှိပါသည်။ သက်တမ်းမှာ (၄) လခန့်ဖြစ်ပါသည်။ တစ်ပိသာ (၃၀၀) ကျပ်ရရှိပါသည်။ ပင်လုံဈေးကွက်နှင့်လွိုင်လင်ဈေးကွက်များတွင် သွားရောက်ရောင်းချကြပါသည်။ တစ်ဧကလျှင်အမြတ်ငွေ (၆၅၀၀၀၀) ကျပ်ခန့်ရရှိပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

ဇယား(၁၅) လယ်ယာသုံးစက်ကိရိယာများ

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
လက်တွန်းထွန်စက်	၄	ရွာပိုင်(၁)၊အိမ်ထောင်စုပိုင်(၃)	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

လယ်ထွန်စက်ကို အိမ်ထောင်စု (၃) စုမှ ပိုင်ဆိုင်၍ ကျန်သည့်တစ်လုံးကို UNODC မှ ပံ့ပိုးပေးထားပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာတွင်း၌တစ်နှစ်လျှင် ၁၅၀၀၀၀ ကျပ် ဖြင့်ငှားရမ်းပေးသည်။ ပျက်လျှင်ငှားသည့်သူမှ ပြင်ပေးရပါသည်။ တောင်သူအနည်းစုသာ ငှားရမ်းအသုံးပြုကြပြီး အများစုမှာ ကျွဲကိုသာအဓိကအသုံးပြုကြပါသည်။

(၂.၂.၁.၅) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အထောက်အပံ့ပေးနိုင်သည့် အခြေအနေကောင်းများ

ဇယား(၁၆) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အထောက်အပံ့ပေးနိုင်သည့် အခြေအနေကောင်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ)	ရှိ	မြေဆီသြဇာမှာကောင်းမွန်လျက်ရှိပြီး၊ ဓါတုမြေသြဇာအသုံးပြုမှုအလွန်နည်းသေးသည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	ဥယျာဉ်ခြံသီးနှံ၊ဟင်းသီးဟင်းရွက်စိုက်ခင်းတွင်အသုံးပြုကြသည်။
သွင်းအားစုဈေးကွက်	ရှိ	ဓာတ်မြေသြဇာ၊ပိုးသတ်ဆေးများတီးတိန်မြို့မှရရှိနိုင်သည်။

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
ဝန်ဆောင်မှုဈေးကွက်	ရှိ	ကျေးရွာအတွင်းရှိကုန်သည်ပွဲစားများမှ စိုက်ပျိုးရေးထွက်ကုန်များကိုရောင်းဝယ်မှုများပြုလုပ်ကြသည်။
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	ရှိ	ကလေးမြို့ပွဲရုံနှင့်တီးတိန်မြို့တွင်အလွယ်တကူရောင်းချနိုင်ပါသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	ရွာပိုင်မြေလွတ်မြေရိုင်းရှိသော်လည်းစိုက်ပျိုးမြေအဖြစ်ဖော်ထုတ်ရန်အရင်းအနှီးမရှိခြင်း။
ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု	ရှိ	ပုံစံ(၇)မရှိ၍စိုက်ပျိုးရေးဘဏ်မှချေးငွေမရရှိခြင်း။ကျေးရွာပိုင်လယ်မြေများကိုတိုင်းတာထားသောအချက်အလက်များသည်ကွန်ပြူတာဖိုင်တွင်ပျောက်သွားသောကြောင့်။
မိုးရေမလုံလောက်မှု	ရှိ	ဝါထပ်နှစ်များတွင် မိုးခေါင်ရေရှားမှုဖြစ်။ (၃) နှစ်တစ်ကြိမ်ဖြစ်ပွား။
ဖျက်ပိုးနှင့်ရောဂါ	ရှိ	စပါးနှင့်အာလူးတွင်ပင်ဖြတ်ပိုးကျရောက်သည်။
အစိုးရမူဝါဒနှင့်စီမံချက်အထောက်အပံ့များ	ရှိ	စိုက်ပျိုးစရိတ်ချေးငွေများရရှိနိုင်သော်လည်း စိုက်ပျိုးချိန်အမှီမရရှိ။ မြေစာရင်း ပုံစံ(၇) ရှိမှသာရရှိ။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၂.၂) မွေးမြူရေးနှင့်ငါးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

ဇယား(၁၈) မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
ကြွေ	၉	အကောင်ရေ(၄၁)ခန့်ရှိ၊အများဆုံးမွေးမြူသူမှာ(၆)ကောင်ခန့်သာမွေး။လယ်ယာလုပ်ငန်းတွင်အသုံးပြုရန်သာမွေးမြူကြသည်။

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
ဝက်	၂	(၆)ကောင်
ကြက်	၃၂	(၁၆၀) ကောင်စားသုံးရန်အတွက်မွေးမြူကြသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

နွား။ နွားမွေးမြူသူများသည် ယခင်က အိမ်နီးချင်းထိုင်းနိုင်ငံမယ်ဆိုင်မြို့ နှင့် ပင်လုံဈေးကွက်များသို့ခိုင်းနွားရောင်းချကြပြီး ယခုအခါနွားဈေးနှုန်းမှာ ကြီးမြင့်လာသဖြင့် ပြန်မဝယ်နိုင်တော့ပေ။ ယခုအခါကျေးရွာအတွင်း၌လည်း နွားတစ်ကောင်မျှမရှိတော့ပေ။ နောက်ထပ်အကြောင်းအရင်းများမှာ မွေးမြူရေးလုပ်ငန်းကို စိတ်မဝင်စားခြင်း ၊ မွေးမြူရေး ဗဟုသုတများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှုအားနည်းခြင်း၊ အရင်းအနှီးမရှိခြင်း တို့ကြောင့်ဖြစ်သည်။

ဝက်။ ဝက်မွေးမြူရန်အရင်းအနှီးမရှိသဖြင့် စီးပွားဖြစ် မမွေးမြူနိုင်ပါ။

ကြွေး။ ကျေးရွာအတွင်း၌ ကြွေး (၄၁) ကောင်ရှိ၍ ကောက်ရိုး၊မြက်များသည် ကြွေများအတွက်အဓိကအစားအစာဖြစ်ပြီး၊ ကျေးရွာအတွင်းတွင် မြက်လုံလောက်မှုရရှိပါသည်။ စီးပွားဖြစ်မွေးမြူခြင်းမရှိဘဲလယ်လုပ်ငန်းအတွက်သာ အဓိကမွေးမြူကြပါသည်။ ဒေသအနေအထားအရ တောင်ပေါ်ဒေသဖြစ်၍ ကြွေနှင့် ပိုမိုကိုက်ညီမှုရှိသောကြောင့်ဖြစ်ပါသည်။

ကြက်။ ကျေးရွာတွင် ကြက်ကိုတနိုင်တပိုင်မွေးမြူကြပြီး အိမ်ထောင်စုစားသုံးရန်အတွက်သာမွေးမြူကြပါသည်။ မွေးမြူရေးအသိအမြင်များရှိခြင်း၊ ဌာနမှဝန်ဆောင်မှုကောင်းမွန်ခြင်းတို့ကလည်း မွေးမြူသူတို့အတွက် အကျိုးအမြတ်ပိုစေပြီး စားနပ်ရိက္ခာ ပိုမိုဖူလုံစေပါမည်။

(၂.၂.၂.၂) မွေးမြူရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ	ရွာပိုင်မြေလွတ်မြေရိုင်း ဧက (၄၀) ရှိ။
ရေရရှိမှု	သဘာဝရေထွက်ရှိ။
တိရစ္ဆာန်မျိုးအစားအစာရရှိမှု	စားကျက်မြေသီးသန့်မရှိသော်လည်းမြက်ကောက်ရိုး၊အိမ်ခြံဝင်းအတွင်းရှိမြေပဲပင်များသည်ကြွေများအတွက်ကောင်းမွန်သောအစာများဖြစ်ပြီးဖွဲနုနှင့်ဆန်ကွဲသည်ဝက်များအတွက်အဓိကအစားအစာဖြစ်၍ လုံလောက်မှုရှိ။
တိရစ္ဆာန်မျိုး	ကျေရွာတွင်း၌ကြွေ၊ ဝက်နှင့် ကြက်အနည်းငယ်သာမွေးမြူကြသည်။
သွင်းအားစုဈေးကွက်	ပင်လုံမြို့နှင့်လွိုင်လင်မြို့များတွင်ဝယ်ယူရရှိနိုင်သည်။

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
ထုတ်ကုန်ရောင်းဝယ်မှု	ပင်လုံမြို့နှင့်လွိုင်လင်မြို့များတွင်ရောင်းချနိုင်သည်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	အိမ်ခြံဝင်းအတွင်း၌စားသုံးသီးနှံများစိုက်ပျိုးထား၍စီးပွား ဖြစ်မွေးမြူရန်မြေနေရာမရှိပါ။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၂.၂.၃) အသား/ငါးထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေသည့် ပြဿနာများ

ဇယား(၂၀) အသား/ငါးထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေသည့် ပြဿနာများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
အရင်းအနှီးမရှိခြင်း	သက်သာသောအတိုးနှုန်းဖြင့်ထုတ်ချေးသော ချေးငွေစနစ်မရှိခြင်း၊
မျိုးကောင်းမျိုးသန့်	မျိုးကောင်းမျိုးသန့်ရရှိရာနှင့်အလှမ်းဝေးခြင်း၊ဒေသမျိုးများကိုသာမွေးမြူကြခြင်း၊ မွေးမြူရေးအသိပညာဗဟုသုတအားနည်းခြင်း၊
ရောဂါဆိုးရွားစွာ ကျရောက်ခြင်း	မွေးမြူရေးဝန်ဆောင်မှုအားနည်းခြင်း၊ကူးစက်ရောဂါကျရောက်တတ်ခြင်း၊တိရစ္ဆာန်ကျန်းမာရေးအသိပညာနည်းပါးခြင်းနှင့် ကာကွယ်ဆေးအချိန်မှီစွာမထိုးနှံခြင်း ကြောင့်ဖြစ်ပါသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၂.၃) စိုက်ပျိုးမွေးမြူးရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူးရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

ဇယား(၂၁) စိုက်ပျိုးမွေးမြူးရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမားအရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း	၂	၈		လက်သမား၊ပန်းရံခေါင်းဆောင်

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမားအရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၁		၁	ဆံသဆိုင်(၁)ဆိုင်၊(ဝင်ငွေအနည်းငယ်ရရှိဝမ်းစာအထောက်အကူဖြစ်ယုံမျှသာဖြစ်သည်။)
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၁			ကုန်စုံဆိုင်
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး	၂		၂	သုံးဘီး(၂)စီးရှိ၊တွက်ခြေကိုက်မှုရှိ။ (ဝင်ငွေအမြဲရရှိသည်)
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)	၂၃			ဌာနအစုံတွင်လုပ်ကိုင်ကြသည်။(မည်သည့်ဌာနတွင်လုပ်သည်ကိုမမေးမြန်းခဲ့ပေ
၁၃	ပညာရေး				
၁၄	ကျန်းမာရေး				
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	၂၀			တွက်ခြေကိုက်မှုနည်းသည်။(အလုပ်လုပ်စရာအမြဲမရှိသောကြောင့်ဖြစ်သည်၊ကျပန်းလုပ်ငန်းလုပ်ကိုင်ကြသည်။)
၁၇	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ	**၃**			

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

ကျေးရွာအတွင်းစိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအဖြစ် လက်သမား၊ ပန်းရံ၊ နေ့စားအဓိကလုပ်ကိုင်ကြသည်။ နေ့စားနှင့်လက်သမား/ ပန်းရံလုပ်ကိုင်ကြသူများသည် ပတ်ဝန်းကျင်ကျေးရွာများရှိ လယ်ပိုင်ရှင်များထံမှ လယ်မြေများကို သီးစားအဖြင့်ငှားယူပြီး လုပ်ကိုင်ကြရပါသည်။ မြေငှားခအဖြစ် ၁ ဧကလျှင် စက်ငှားခနှင့် မြေငှားခပေါင်း ၁ ခွဲလျှင် (၉) ပြည်ရှိ ဆန် (၆) ခွဲပေးရပါသည်။ လက်လုပ်လက်စားမိသားစုများဖြစ်၍ စပါးစိုက်ပျိုးရန်အတွက် အရင်းအနှီးကို အတိုးပေးစားသူ၊ အပေါင်ဆိုင်များတွင်ချေးယူကြရပြီး၊ စိုက်ပျိုးစရိတ်၊ ထွန်ယက်ခများပေးရပါသည်။ ထို့ကြောင့် ကျပန်းအိမ်ထောင်စုအတွက် အရင်းအနှီးလိုအပ်လျက်ရှိပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

အလားအလာများ	အခက်အခဲ၊ အဟန့်အတားများ
လုပ်သားအင်အားအသင့်အတင့်ရှိခြင်း	သက်မွေးဝမ်းကျောင်း သင်တန်းများမရရှိခြင်း၊ ရွာအနီးတဝိုက်တွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပညာရေးအဆင့်အတန်း နည်းပါးခြင်း၊ စိတ်ပါဝင်စားမှုမရှိခြင်း။
ပင်လုံမြို့နှင့်လွိုင်လင်မြို့များမှ လုပ်ငန်းခွင်များအတွက် ကျေးရွာမှ လူငယ်လူရွယ်များကို ကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးနိုင်ခြင်း၊	သက်မွေးဝမ်းကျောင်း သင်တန်းပို့ချမှုများမရှိခြင်း၊ ဈေးကွက်နှင့်အလှမ်းဝေးခြင်း၊ သတင်းအချက်အလက်မရရှိခြင်း။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား(၂၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	ပင်လုံ (၃) မိုင်	ပင်လုံ
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့်၎င်း၏အထောက်အပံ့များ	ကတ္တရာလမ်း(၂)မိုင်၊ကျောက်ခြောလမ်း(၁မိုင်၊၄ဖာလုံ)(ကား၊ထော်လာဂျီ)	ကတ္တရာလမ်း(၂)မိုင်၊ကျောက်ခြောလမ်း(၁မိုင်၊၄ဖာလုံ)(ကား၊ထော်လာဂျီ)
ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်ပေးနိုင်မှု	စိုက်ပျိုးရေးပစ္စည်း၊အဝတ်အထည်၊ လူသုံးကုန်၊ဆောက်လုပ်ရေးပစ္စည်း၊ စားသောက်ကုန်	စိုက်ပျိုးရေးပစ္စည်း၊အဝတ်အထည်၊ လူသုံးကုန်၊ဆောက်လုပ်ရေးပစ္စည်း၊ စားသောက်ကုန်

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ဈေးအခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှု	သွပ်မိုး၊ပျဉ်ခင်း၊ပျဉ်ကာ	သွပ်မိုး၊ပျဉ်ခင်း၊ပျဉ်ကာ

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၈–၂၀/၇/၂၀၁၅)

ကျေးရွာသည် ပင်လုံသို့သွားရာကားလမ်းဘေးတွင်တည်ရှိပြီး ပင်လုံမြို့နှင့် (၃) မိုင်အကွာတွင်တည်ရှိပါသည်။ တစ်နှစ်ပါတ်လုံး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ ၎င်းအပြင် လွိုင်လင်မြို့နှင့် (၃) မိုင်သာဝေး၍ ကျေးရွာသားများအနေဖြင့် ၎င်းတို့၏ကုန်စည်ဝန်ဆောင်မှုနှင့်လုပ်သားများ ဈေးကွက်များအတွက် လက်လှမ်းမှီနိုင်ပါသည်။

(၂.၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့်ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
အစိုးရဘဏ်	စိုက်ဘဏ်ချေးငွေ	၆ လ	၀.၄၂ရာခိုင်နှုန်း	မလို	လယ်ယာမြေပုံစံ(၇)၊တစ်ဧက(၁)သိန်းနှုန်းဧကဝက်(၅၀၀၀)နှုန်း၊အလှည့်ကျချေးတပိုင်တနိုင်ချေး၊အရင်းအတိုးတပြိုင်တည်းပေးဆပ်ရ။
အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ် (SRG)	ကျေးရွာဖွံ့ဖြိုးကော်မတီအဖွဲ့ချေးငွေ	၆လ	၂ရာခိုင်နှုန်း	မလို	
မိတ်ဆွေနှင့်ဆွေမျိုးများ	ချေးငွေ	ကာလမသတ်မှတ်	၁၀ ရာခိုင်နှုန်း	အပေါင်ပစ္စည်းမလို	ခက်ခဲအလွယ်တကူမရ

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

နောင်တောင်းကျေးရွာတွင် ချေးငွေလက်လှမ်းမှီမှုမှာ စိုက်ပျိုးရေးလုပ်ငန်းအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှရရှိ၍ လက်ရှိမှာချေးငွေရရှိသောတောင်သူမှာ (၂) ဦးသာရှိသေး၍ကျန်တောင်သူများမှာ ပုံစံခွန်မရှိ၍ချေးငွေရရှိမှုမရှိသေးပါ။ UNODC မှ ကျေးရွာဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေရှိပါသည်။ အတိုးမှာ ၂ ရာခိုင်နှုန်း ပေးရ၍ (၆) လပြည့်လျှင် အတိုးနှင့်အရင်းပေါင်း၍ပြန်ဆပ်ရပါသည်။ မြို့ပေါ်ရှိအပေါင်ဆိုင်များမှ ချေးငွေယူလျှင်လစဉ်အတိုး ၃ ရာခိုင်နှုန်းပေးရပါသည်။ အပေါင် ပစ္စည်းကို အချိန်မရွေးပြန်ယူ၍ ရပါသည်။ ပစ္စည်းအလိုက်ချေးငွေရရှိပါသည်။

ဘဏ်

လွိုင်လင်မြို့တွင်ရှိသော MADB ဘဏ်မှချေးငွေရရှိနိုင်ပါသည်။ တောင်သူတစ်ဦးလျှင် တစ်ဧကကို (၁၀၀၀၀၀) ကျပ်နှုန်းထုတ်ချေးပေးပြီး စပါးစိုက်ပျိုးရန် အကြီးဆုံးတောင်သူမှာ လယ်ဧက (၅) ဧကပိုင်ဆိုင်ပါသည်။ စိုက်ပျိုးတောင်သူ အများစုမှာမြေယာပုံစံ (၇) မရှိသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ စာရွက်စာတမ်းများ သတ်မှတ်ချက်မပြည့်စုံကာ ချေးငွေမရရှိနိုင်ခြင်းလည်းရှိပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူများ၏အဓိကချေးငွေရရှိသော အဖွဲ့အစည်းဖြစ်၍သီးနှံအလိုက်ချေးငွေများ၊ လယ်လုပ်စက်ကိရိယာနှင့် ခိုင်းကျွဲများဝယ်ယူရန် ကာလတိုချေးငွေများအား အချိန်မီဖြည့်ဆည်းပေးခြင်း၊မိုးရာသီ၊ ဆောင်းရာသီသီးနှံများထုတ်လုပ်မှု ဘဏ်ချေးငွေအား တောင်သူလယ်သမားများသို့ အချိန်မီထုတ်ချေးနိုင်မည်ဆိုပါက ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးနိုင်မည်ဖြစ်ပြီး ဈေးကောင်းရရှိနိုင်သည်အထိ သိုလှောင်ထားနိုင်မည်ဖြစ်ပါသည်။

(၂.၅) သဘာဝဘေးအန္တရာယ်လျော့ချခြင်းအပါအဝင် ပါတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု

(၂.၅.၁) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှုအားနည်း	လတ်	ဓါတ်မြေသြဇာသုံးစွဲ၊သဘာဝမြေသြဇာစနစ်တကျမသုံးစွဲ။
အပင်မျိုးစိတ်များ	လတ်	စီးပွားဖြစ်မရှိ ။အိမ်သုံးဆေးအတွက်လုံလောက်။
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	မြင့်	စနစ်တကျမသုံးစွဲတတ်သေးသင်တန်းမရရှိ။
ရေအရင်းအမြစ်	မြင့်	ရေအရင်းအမြစ်ရှားပါးပါသည်။ ထုံကျောက်အောက်ခံမြေဖြစ်၍ ။
ငါးမျိုးကွဲများ	နိမ့်	စိုက်ပျိုးရေးတွင်ပြန်အသုံးပြု ။
အခြားတိရစ္ဆာန်မျိုးကွဲများ	လတ်	ဓါတ်မြေသြဇာသုံးစွဲ၊သဘာဝမြေသြဇာစနစ်တကျမသုံးစွဲ။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	လတ်	စီးပွားဖြစ်မရှိ ။အိမ်သုံးဆေးအတွက်လုံလောက်။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၅.၂) သဘာဝဘေးအန္တရာယ်လျော့ချခြင်း

ဇယား(၂၆) သဘာဝဘေးအန္တရာယ်လျော့ချခြင်း

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ(နည်း/ လတ်/များ)	လက်ရှိဘေးအန္တရာယ်လျော့ချရေးအလေ့အကျင့်များ
မီးဘေး	နည်း	မရှိ
မုန်တိုင်း	နည်း	မြို့နယ်မှစာထွက်လာလျှင်ကြိုတင်အကြောင်းကြား ပေးခြင်း။
မိုးခေါင်ခြင်း	လတ်	မရှိ။
အအေးလှိုင်း	လတ်	တခါတရံဖြစ်

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၆) ပညာရေးနှင့်စာတတ်မြောက်မှု

(၂.၆.၁) စာတတ်မြောက်မှု

ဇယား(၂၇) စာတတ်မြောက်မှု

ပညာရေး	ကျား	မ	ပေါင်း	၅နှစ်နှင့်အထက်၊ ကျောင်းနေလူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	၅၈	၁၁၇	၁၇၅	၆၁.၆%
ဘာသာရေးအခြေပြုပညာရေး	၃၃	–	၃၃	၁၁.၆%
မူလတန်းပညာရေးပြီးဆုံးသူများ	၂၄	၂၄	၄၈	၁၇.၀%
အလယ်တန်းပညာရေးပြီးဆုံးသူများ	၉	၁၃	၂၂	၇.၇%
အထက်တန်းပညာရေးပြီးဆုံးသူများ	၁	၅	၆	၂.၁%
တက္ကသိုလ်ပညာပြီးဆုံးသူများ	-	-	-	
၉ နှစ်အထက်လူဦးရေပေါင်း	**၁၂၅**	**၁၅၉**	**၂၈၄**	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၆.၂) ကျောင်းအပ်နှုန်း

ဇယား(၂၈) ကျောင်းအပ်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ်လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၁၉	၂၃	၄၂	၁၅၀
အလယ်တန်း(၁၀-၁၄နှစ်)	၇	၆	၁၃	၃၄.၂
အထက်တန်း(၁၅-၁၆နှစ်ကြား)	–	၂	၂	
တက္ကသိုလ်ကျောင်းသား၊သူ	–	၁	၁	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

မူလတန်းတက်နေသောကျောင်းသား၊ကျောင်းသူပေါင်း ကျား(၁၉)၊ မ(၂၃) ဦး၊ ပေါင်း (၄၂) ဦးရှိပြီး၊ အလယ်တန်းတက်နေသော ကျောင်းသား၊ကျောင်းသူပေါင်း ကျား (၇) ဦး၊ မ (၆) ဦးရှိ၍၊ အထက်တန်းပညာတွင် မ (၂) ဦး၊ တက္ကသိုလ်ကျောင်းသူ မ (၁) ဦး တက်ရောက်သင်ကြားနေကြပါသည်။

(၂.၆.၃) စာသင်ကျောင်းဆောင်အခြေအနေ

ဇယား(၂၉) စာသင်ကျောင်းဆောင်အခြေအနေ

အောက်တွင် ဖော်ပြထားသည်များမှာ ကျေးရွာမူလတန်းလွန်ကျောင်း၏ လက်ရှိအခြေအနေများဖြစ်ပါသည်။

အကြောင်းအရာ	မူလတန်းကျောင်း	အလယ်တန်းကျောင်း(ခွဲ)
ရွာမှအကွာအဝေး(ကီလိုမီတာ)	ရွာမှ ၁ မိုင်ခန့်ကွာဝေးသော ဝါးတောမူတန်းလွန်ကျောင်း တွင်တက်ရောက်ကြပါသည်	ရွာမှ (၃)မိုင် ခန့်ကွာဝေးသော လွိုင်လင်မြို့ပေါ်ရှိအထက်တန်းကျောင်းတွင်တက်ရောက်ကြပါသည်။
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်	စက်ဘီး၊ ဆိုင်ကယ်၊ ခြေလျင်

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

ရွာတွင်းရှိလူငယ်များမှ ပင်လုံယဉ်ကျေးမှုတက္ကသိုလ်တွင် သင်တန်းတက်ရောက်ကြပြီးရွာတွင်းတွင် ရှမ်းစာပေယဉ်ကျေးမှုများအား ပြန်လည်သင်ကြားပေးခြင်း ဖြစ်ပါသည်။ ရှမ်းစာပေသင်ကြားပေးသူ (၇) ဦးရှိပြီး ရွာတွင်းရှိကလေးများ အားလုံးတက်ရောက်ကြပါသည်။ ရှမ်းစာပေအခြေခံအဆင့်မှ (၅) တန်းအထိ သင်ကြားပေးနေပြီဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် (၆) တန်းအထိတိုးမြှင့်သင်ကြားပေးနိုင်ရန် ရည်ရွယ်ထားရှိပါသည်။

ကျောင်းတက်နှုန်းနှင့် စာတတ်မြောက်မှုအခြေအနေကို အောက်ပါဇယား၌တွေ့ရမည်ဖြစ်ပါသည်။ ယခုနှစ်တွင် မ (၁) ဦး တက္ကသိုလ် တက်ရောက်နေပါသည်။ ကျေးရွာအတွင်းစာမတတ်သူဦး ရေကျား (၅၈) ဦး၊ မ (၁၁၇) ဦးရှိပါသည်။

(၂.၆.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား(၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/ မဦးရေ	-
ဆရာ - တပည့်အချိုး	-
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိပါ
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိပါ။
ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာ	မူလတန်းပညာရေး ပညာရေးဌာနမှ ဗလာစာအုပ် ၁၂အုပ် ဖတ်စာအုပ်၁စုံ ၀တ်စုံ၁စုံ ပံ့ပိုးမူရရှိ ကျောင်း အပ်နှံချိန်တွင် ကျောင်းစရိတ်မပေးရ ။ ပညာရေး ဌာနမှ မကောက်ခံ ၂ နှစ်ရှိပြီဖြစ်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	ကျောင်းအပ်နှံချိန်တွင်ကျောင်းစရိတ်မပေးရပညာရေး ဌာနမှ မကောက်ခံ ၂ နှစ်ရှိ
မိဘဆရာအသင်း၏အခန်းကဏ္ဍ	နှစ်ပတ်လည်အခမ်းအနားပြုလုပ်၊ပူးပေါင်းဆောင်ရွက်

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၇) ကျန်းမာရေးနှင့်အာဟာရ

(၂.၇.၁) အဖြစ်များသောရောဂါ

ဇယား(၃၁) အဖြစ်များသောရောဂါ

၁.သွေးတိုး	၂. ရာသီတုပ်ကွေး	၃. ဝမ်းပျက်ဝမ်းလျော	၄.

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၇.၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား(၃၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ကျန်းမာရေးဝန်ဆောင်မှု	ခရီးအကွာအဝေး(ကီလိုမီတာ)	အခန်း/ကုတင်(လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေးဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ(လုံလောက်မှု/မလုံ လောက်မှု)	မှတ်ချက်
ကျေးလက်ကျန်းမာရေးဌာန	၁မိုင်ခန့် ကွာဝေးသောဝါးတောရွာဆေးခန်း	ရှိ	ဆရာဝန်.... သူနာပြု.... ၁ သားဖွားဆရာမ..... ကျန်းမာရေးလုပ်သား	လုံလောက်မှုရှိ	
ဆေးရုံ(လွိုင်လင်)	၃ မိုင်	ရှိ	ဆရာဝန်..... ၁ သူနာပြု..... ၂ သားဖွားဆရာမ... ကျန်းမာရေးလုပ်သား	လုံလောက်မှုရှိ	
ဆေးဆိုင်(လွိုင်လင်)	၃ မိုင်	ရှိ	ဆေးဝါးကျွမ်းကျင်သူ ၂	လက်လှမ်းမှီမှု ဆေးဝါးလုံလောက်သိုလှောင်ပုံစနစ်... အအေးခန်းစနစ်	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)(သားဖွားဆရာမ၊အရံသားဖွားဆရာမနှင့် ကျန်းမာရေးလုပ်သားများထံမှ ဆွေးနွေး ကောက်ယူသည်။)

(၂.၈) သောက်သုံးရေနှင့်သန့်ရှင်းရေးအခြေအနေ

(၂.၈.၁) သောက်သုံးရေရရှိမှု

ဇယား(၃၃) သောက်သုံးရေရရှိမှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိလုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
စိမ့်စမ်းရေ	၁	ကောင်း	✓	✓	✓	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၈.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား(၃၄) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား	သုံးစွဲနိုင်သောအိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၄၇	တချို့မှာသန့်ရှင်းမှုမရှိ။
ကျင်းအိမ်သာ	၁၃	တချို့မှာသန့်ရှင်းမှုမရှိ။
တောထိုင်	မရှိပါ	နီးစပ်ရာဆွေမျိုးများအိမ်တွင်အသုံးပြုပါသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

UNODC မှယင်လုံအိမ်သာခွက်၊ ပိုက်များပံ့ပိုးပေးထားသော်လည်း ဆင်းရဲသားအိမ်ထောင်စုများသာထောက်ပံ့ပေးပါသည်။ အိမ်သာဆောက်လုပ်ရန် ငွေကြေးမတတ်နိုင်သောကြောင့်လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ ပြင်ပဗဟုသုတမရှိသောကြောင့်လည်းကောင်း ယင်လုံအိမ်သာသုံးစွဲမှုအားနည်းလျက်ရှိပါသည်။

(၂.၉) လမ်းတံတားတည်ရှိမှု

(၂.၉.၁) ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

ဇယား(၃၅) ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

လမ်းတံတားအမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက်သုံးစွဲနိုင်မှု		လမ်းအရှည်(ကီလိုမီတာ)
				ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး	
လမ်း						
ချဉ်းကပ်လမ်း						

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၈–၂၀/၇/၂၀၁၅)

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

လမ်းတံတား အမျိုးအစား	အမျိုးအစား	ကောင်း /ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်း ရာသီ	တစ်နှစ် လုံး	
ဆိပ်ခံတံတား တံတား	၃ ၁။၁၂x ၈ x၄ ရေပြွန်တံတား	ကောင်း ကောင်း	၂၀၁၄ ၂၀၁၄ (ကျေး လက်ဦးစီးဌာန လမ်းပြုပြင်ချိန် တခါတည်းပြု လုပ်ထားပေး)		တစ်နှစ်လုံး တနှစ်လုံး	၁မိုင်၄ဖာလုံ တံတား
	၂။ ၈x ၈x ၆ ရွာအဝင်တံ တား	ကျဉ်း (ကားကြီး သွား၍မရ	၁၉၉၀		တနှစ်လုံး	
	၃။၁၂x၈x၄ ရွာထိပ်တံ တား	ဆိုးဘေး မြေပြိုကျ ပြီးလက် ယှမ်းမရှိ ရေကြီး ချိန်ရေ ကျော် အန္တရယ် ရှိ			တနှစ်လုံး	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၉.၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဧယား(၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ်အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု	
			ပွင့်လင်း ရာသီ	တစ်နှစ် ပါတ်လုံး
မြစ်ကြောင်း	–	–	–	–
ပင်လယ်ရေကြောင်း	–	–	–	–

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

(၂.၉.၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊သမ္ဗာန်	ဆိုင်ကယ်	မော်တော်ဆိုင်ကယ်	သုံးဘီး၊ထော်လာကျီ	ဘတ်စ်ကား	လှေ	မြင်းလှည်း
အရေအတွက်	–	–	၆၅	–	၅	–	–	–

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၁၀) လျှပ်စစ်မီးရရှိမှု

ဇယား(၃၈) လျှပ်စစ်မီးရရှိမှု

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
ဆိုလာစနစ်	၃၅	ကောင်း	မရှိ

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၁၁) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား(၃၉) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာနှင့်ဂျာနယ်	အခြား
အရေအတွက်	၄၇	၂	၂၀			–

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၈-၃၀၊ ဩဂုတ်လ၊ ၂၀၁၅)

(၂.၁၂) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား(၄၈) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု	မရှိ	ဟာသပြဇာတ်၊ ဗွီဒီယိုရုံ
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများ ပေးခြင်း
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ဘာသာရေးပွဲများတွင်ဝန်ဆောင်မှုများပေးခြင်း
အားကစားအဆောင်အယောင်များအား လက်လှမ်းမှီမှု	မရှိ	ကျေရွာအားကစားကွင်း၊အားကစားပြိုင်ပွဲ၊စသည်တိုင်းတွင် ပါဝင်ခွင့်
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကျေးရွာအဖွဲ့အစည်းများတွင်ကိုယ်စားလှယ်အဖြစ်ပါဝင်ခြင်း၊စေတနာအကျိုးဆောင်အဖြစ်ဆောင်ရွက်ခြင်း
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	ရိုးရာယဉ်ကျေးမှုထိမ်းသိမ်းလိုစိတ်ဖြစ်ပေါ်စေရေးအတွက်လိုအပ်သောအထောက်အပံ့များ
စာကြည့်တိုက်၊အင်တာနက်စသည်များ အားလက်လှမ်းမှီမှု	ရှိ	စာကြည့်တိုက်၊ အင်တာနက်

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၈-၂၀/၇/၂၀၁၅)

ရှမ်းနှစ်သစ်ကူးပွဲတော်မှာ ရှမ်းလူမျိုးများစည်းလုံးမှုရှိကြောင်း အလေးထားကြောင်းပို၍တွေ့ရှိနိုင်ပါသည်။ နှစ်စဉ်ရွာဦးစေတီပွဲကျင်းပပြီး နတ်တော်လဆန်း (၁-၂) ရက်သည် ရှမ်းနှစ်သစ်ကူးပွဲတော်ရက်ဖြစ်ပါသည်။ နွေရာသီ ရှမ်းစာပေ (၂) လတာသင်ကြားပြီးဆုပေးပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပ၍ ရှမ်းအတီးအမှုတ်၊ ရှမ်းဇာတ်အဖွဲ့ (လူငယ်အဖွဲ့) ကပြစည့်ခံဖျော်ဖြေကြပါသည်။ အရွယ်ရောက်ပြီးကလေးတိုင်းတက်ရောက်သင်ကြားရပြီး တစ်နှစ်တာပြီးလျှင် အောင်လက်မှတ်ပေး၍ အသိအမှတ်ပြုပေးပါသည်။

ရှမ်းဝတ်စုံ၊ ရိုးရာဓလေ့အကကို အလေးအနက်တန်ဖိုးထားကြပါသည်။ လူငယ်ပြဇာတ်အဖွဲ့ရှိပါသည်။ ၄င်းအဖွဲ့မှာတခါတရံပင်လုံမြို့သို့ သွားရောက်ကပြဖျော်ဖြေပေးရပါသည်။ အခြားကျေးရွာများမှ အကူအညီတောင်းခံ၍ လာရောက်ဌားရမ်းလျှင်လည်း သွားရောက်ကူညီစည့်ခံဖျော်ဖြေပေး၍ အဖွဲ့ဝင် (၄၀) ဦး ရှိပါသည်။ မင်းသား၊ မင်းသမီးရှိ၍ ခေတ်ပေါ်တေးဂီတ သီဆိုပြီးဖျော်ဖြေကြပါသည်။ ညစဉ်ညတိုင်း အတီးသင်ပေးခြင်း၊ အကများလေ့ကျင့်သင်ကြားပေးမှုများလည်း ရှိပါသည်။ ရှမ်းအတီးတွင် တယောသံသည်အရေးကြီးပါသည်။ ၄င်းဇာတ်အဖွဲ့မှာ ခေတ်အဆက်ဆက်ကတည်းကရှိလာခဲ့ပြီး ယခုအချိန်အထိ ထိန်းသိမ်းထားရှိပါသည်။

(၂.၁၃) ကျေးရွာဘေးကင်းလုံခြုံမှုအခြေအနေ

(၂.၁၃.၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

ဇယား(၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးများအား လက်လှမ်းမှီမှု	ရှိ	တယ်လီနောဖုန်းလိုင်းသုံးကြပါသည်
အာမခံလုပ်ငန်းများအားလက်လှမ်းမှီမှု	မရှိ	ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်များဗဟုသုတမရှိပါ။လက်လှမ်းမမှီပါ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	ရှိ	အရံမီးသတ်တပ်ဖွဲ့ရှိ၊မီးဘေးကြိုတင်ကာကွယ်ရေးလှုံ့ဆော်ခြင်း။
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ	မြို့နယ်ရဲစခန်းနှင့်နီးပါသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၈–၂၀/၇/၂၀၁၅)

(၂.၁၃.၂) မှုခင်းဖြစ်ပွားမှု

ဇယား(၄၂) မှုခင်းဖြစ်ပွားမှု

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	သာမန်	သာမန်	သာမန်	သာမန်

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၄–၁၆၊ဇူလိုင်၊၂၀၁၅)

Note:

၁။ စိုးရိမ် ၂။ သာမန်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

အလားအလာများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု • အိမ်ထောင်စု (၆၀)မျှသာရှိပြီးညီညွတ်မှုရှိကြပါသည်။ • အမျိုးသားရေးလက္ခဏာများခိုင်မာမှုရှိကြပြီးယဉ်ကျေးမှုထိန်းသိမ်းကြပါသည်။	• ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အရေးကြီးဆုံးအချက်ဖြစ်သည့် စည်းလုံးညီညွတ်မှုကို အားကောင်းမှုဖြစ်စေပါသည်။
၂။ စိုက်ပျိုးရေး (သီးနှံ) • ရာသီဥတုကောင်း မွန်ခြင်း • နှစ်ရှည်သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းနိုင်ခြင်း • တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန်အလားလာကောင်းသောထွက်ကုန်များရှိခြင်း • ဈေးကွက်များရှိ ခြင်း • လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း	• နှစ်ရှည်သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းနိုင်သောသဘာဝအရရာသီဥတုကောင်းမွန်ပါသည်။ • ဒေသမှထွက်သောထွက်ကုန်များစွာမှာလက်ရှိမှာလည်းတန်ဖိုးမြင့်ထုတ်ကုန်များထုပ်လုပ်နိုင်ပြီးနောက်ထပ်လည်းထုတ်လုပ်နိုင်ရန်အလားလာ ကောင်များရှိပါသည်။ • ၄င်းပစ္စည်းများကို ရောင်းချနိုင်ရန် ဈေးကွက်များလည်းရှိပြီးပစ္စည်းများကို သယ်ယူပို့ဆောင်ရန်လမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်ပါသည်။ • ၄င်းပစ္စည်းများထုတ်လုပ်နိုင်ရန် လုပ်သားအင်အားလည်းပေါများပြီး စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာမှလည်းနည်းပညာပိုင်းပံ့ပိုးမှုများ ရှိပါသည်။
၃။ မွေးမြူရေး • မွေးမြူရေးလုပ်ကိုင်နိုင်ရန်များစွာသောနေရာအကျယ်အဝန်းများရှိခြင်း။ • မွေးမြူရေးခြံဆောက်လုပ်ရန် သစ်ဝါးပေါများစွာရှိခြင်း။ • မိုးရွာသွန်းမှုအသင့်အတင့်ဖြင့် ကောင်းမွန်သော • ရာသီဥတုရှိခြင်း။	• မွေးမြူရေးလုပ်ငန်းမှထုတ်ကုန်များအတွက် ဈေးကွက်ကလည်းအနီးနားပတ်ဝန်းကျင်တွင် တည်ရှိနေပါသည်။
၄။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ • သစ်သီးပင်များနှင့်ဝါးပင်များစိုက်ပျိုးရန်အတွက်ရာသီဥတုကောင်းမွန်ပြီး၍သစ်သီးအမျိုးအစားပေါင်းများစွာစိုက်ပျိုးနိုင်ခြင်း။	• အလားလာတစ်ခုမှာ အခြားသောအသက်မွေးဝမ်းကျောင်း လုပ်ငန်း များကိုလည်းလေ့လာသင်ယူလိုစိတ်ရှိကြခြင်းဖြစ်ပါသည်။

အလားအလာများ	ရှင်းလင်းဖော်ပြချက်
• ကုန်ချောများထွက်ရှိပါက ရောင်းဝယ်ဖောက်ကားနိုင်ရန် နိုင်ငံအတွင်းမြို့များအားလုံး နှင့်တရုတ်နိုင်ငံ၊ထိုင်းနိုင်ငံတို့ နှင့်သွားလာနိုင်သောလမ်း ပန်းဆက်သွယ်ရေးကောင်း မွန်ခြင်း။ • လယ်ယာထွက်ကုန်များမှသစ် သီးအခြောက်ခံမှုများပြုလုပ် နိုင်ခြင်း။	

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန် ခေါ်မှုများ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု • ကျေးရွာသားအများစုမှာမြန်မာစကား ကိုကောင်းမွန်စွာမပြောဆိုတတ်ခြင်း၊ နားမလည်ခြင်းများရှိ၍ပြင်ပအဖွဲ့အ စည်းများနှင့်ဆက်ဆံရာတွင်နား လည်မှုပိုင်းဆိုင်ရာတွင်အခက်အခဲကြုံ နှင့်တွေ့ကြုံရပါသည်။	• ကျေးရွာဖွံ့ဖြိုးရေးအတွက် ရေရှည်ဆောင်ရွက်မည့်၊ တာဝန်ခံမှုရှိသည့် အဖွဲ့အစည်းစနစ်များ ဖွံ့ဖြိုးတိုး တက်ဖြစ်ပေါ်လာရန် အကူအညီများ စဉ်ဆက်မ ပြတ်ရရှိရန်လိုအပ်ခြင်း
၂။ စိုက်ပျိုးရေး (သီးနှံ) • မြေဆီလွှာထိန်းသိမ်းမှုအားနည်း ခြင်း။ • ဒေသထွက်ညှဉ့်ဖျင်းသည့်မျိုးစေ့များကို သာသုံးစွဲကြခြင်း။ • နည်းပညာပိုင်းဆိုင်ရာ အချက်အလက် အားနည်းခြင်း။	• မိရိုးဖလာကျွမ်းကျင်မှုရှိသော စိုက်ပျိုးခြင်းများကို သာလုပ်ကိုင်ဆောင်ရွက်ကြပြီးစိုက်ပျိုးနည်းစနစ် များကိုလည်း မတတ်ကျွမ်းကြခြင်း။
၃။ မွေးမြူရေး • စနစ်တကျ မွေးမြူသည့်နည်းစနစ် မသိရှိခြင်း • တိရိစ္ဆာန်အစာရေစာများကိုစနစ်တ ကျထိန်းသိမ်းမှုအားနည်းခြင်း	• တဖက်တလမ်းကဝင်ငွေတိုးစေသောမွေးမြူရေး လုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်မှုအားနည်းရခြင်း မှာစနစ်တကျ မွေးမြူသည့်နည်းစနစ်မသိရှိခြင်း နှင့်တိရိစ္ဆာန်အစာရေစာများကိုစနစ်တကျမထိန်း သိမ်းမှုတတ်ခြင်း တို့ကြောင့်ဖြစ်ပါသည်။
၄။ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွား ရေးလုပ်ငန်းများ • တခြားသောကုန်သွယ်မှုလုပ်ငန်းများ တွင်အတွေ့အကြုံမရှိခြင်း။ • လုပ်ငန်းသစ်များလုပ်ကိုင်ဆောင်ရွက် ရန်အတွက်စွန့်ဦးတီထွင်လိုစိတ်နည်း ပါးခြင်း။	• လယ်ယာထွက်ကုန်များမှတန်ဖိုးမြှင့်ထုတ်လုပ်ခြင်း မျိုးမရှိခြင်း။

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
၅။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
• ရေရှည်အတွက် သစ်တောထိန်းသိမ်းရန်အသိပညာအားနည်းခြင်း	• နောင်လာမည့်မျိုးဆက်များအတွက်သစ်တောသစ်ပင်များကိုထိန်းသိမ်းရမည်ကိုသိမြင်မှုအားနည်းခြင်း။

ကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ပြဿနာ	ပြဿနာအရင်းအမြစ်	အလားအလာ	အတားအစီး/စိန်ခေါ်မှု	ဖြေရှင်းနိုင်မည့် နည်းလမ်း	စီမံကိန်း
အုပ်ချုပ်ရေးဖွံ့ဖြိုးတိုးတက်မှု					
• ကျေးရွာဖွံ့ဖြိုးတိုး**တက်ရေးကော်မတီ**သည် UNODC ၏ ကူညီလမ်းညွှန်မှုနှင့်ဖွဲ့စည်းထားပြီးဖြစ်သော်လည်းအဖွဲ့အစည်းအတွင်းရှိတက်ကြွမှုရှိသော/စွမ်းဆောင်ရည်ရှိသောအဖွဲ့ဝင်အချို့သာတာဝန်များကိုယူထားကြရပါသည်။ • အရေးပါသည့် တာဝန်ဖြစ်သည့် စာရင်းကိုင်တာ	• ကော်မတီအဖွဲ့ဝင်များသည်သာမန်လူအဖွဲ့အစည်းမှလူများကဲ့သို့ပင်စုပေါင်းလုပ်ဆောင်ခြင်း၊ • တာဝန်ယူမှု၊တာဝန်ခံမှုတို့ခွဲဝေယူခြင်းတို့၏ တန်ဖိုးကိုနက်နက်ရှိုင်းရှိုင်းနားလည်သဘောပေါက်မှုမရှိကြပေ။ • ပူးပေါင်းပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် ဂရုစိုက်မှုမရှိကြပေ။ • ပြင်ပမှအကူအညီနှင့် လုပ်ငန်းလုပ်ဆောင်မှုများပြီးမြောက်ရန်	• အိမ်ထောင်စု(၆၀)မျှသာရှိသည့်အတွက်ညီညွတ်မှုရှိခြင်း၊ • အမျိုးသားရေးလက္ခဏာများခိုင်မာမှုရှိကြပြီးရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းကြခြင်း၊	• အများစုမှာ မြန်မာဘာသာစကားကို ကောင်းစွာမရေးနိုင်သဖြင့် အစိုးရဌာနဆိုင်ရာများ၊ ပြင်ပအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် အခက်အခဲအနည်းငယ်ရှိခြင်း၊ • လူထုအတွင်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များလုပ်ဆောင်ရာတွင် ဘာသာစကားအခက်အခဲကြောင့်ဘာသာပြန်သူကိုငှားရသည့်အတွက် သဘောတရားနားလည်မှုများအားထိခိုက်စေပါသည်။	❖ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကော်မတီတွင် ပညာတတ်လူငယ်လေးများပါဝင်လာနိုင်စေရန်။ ❖ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကော်မတီတွင် ပုံမှန်ပြုပြင်ပြောင်းလဲရေးများ၊လှုံ့ဆော်မှုများပြုလုပ်နိုင်ရန် ❖ အဖွဲ့အစည်းခိုင်မာတောင့်တင်းရေးနှင့် ဆိုင်သော Informal Training များကို ကော်မတီအဖွဲ့ဝင်များအားပေးခြင်း၊ ❖ ကော်မတီနှင့်လူထုအကြားအခါအားလျော်	• ဦးဆောင်မှုသင်တန်းများဖွင့်ရန်၊ • လူငယ်နှင့်လူကြီးအုပ်စုများအကြားညီညီညွတ်ညွတ်လုပ်ကိုင်တက်သောအလေ့အကျင့်များ၊အတွေ့အကြုံများရှိလာစေရန်ကျေးရွာဖွံ့ဖြိုးရေးကော်မတီတွင်အုပ်စုကိုယ်စားလှယ်များပါဝင်နိုင်ရန်၊ • တာဝန်ခံမှုများအားပေးရန်နှင့် ထင်သာမြင်သာရှိစေရန် Social

ပြဿနာ	ပြဿနာအရင်းအမြစ်	အလားအလာ	အတားအစီး/စိန်ခေါ်မှု	ဖြေရှင်းနိုင်မည့်နည်းလမ်း	စီမံကိန်း
ဝန်ကိုယူထားသူသည်ရွာ၏အဝေးကိုထွက်သွားပြီးငင်းနေရာကိုအစားထိုးခြင်းမရှိသေးပါ။	သာမျှော်လင့်ကြသည်။			စွာအစည်းအဝေးများကျင်းပခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်းများကိုလုပ်ဆောင်ရန်နှင့် အားပေးခြင်း၊	Audit ၏ အလေ့အကျင့်များနှင့် သဘောတရားများကိုပါဝင်နိုင်ရန်၊
<u>စိုက်ပျိုးရေး ကဏ္ဍ</u> • စပါး၊ ပဲပုတ်၊ အာလူး၊ ဂျင်းနှင့် ဟင်းသီးဟင်းရွက်များထုတ်လုပ်နိုင်စွမ်းနိမ့်ကျခြင်း၊ • အကျိုးအမြတ်မရှိခြင်း၊ • တန်ဖိုးမြင့်သီးနှံစိုက်ပျိုးမှုအလေ့အကျင့်မရှိ	• မြေပြန့်ရွာပါးခြင်း၊ • မြေဆီလွှာတိုက်စားခြင်းကြောင့် မြေဆီလွှာတဖြည်းဖြည်းပျက်စီးခြင်း၊ • ရှင်သန်ရပ်တည်နိုင်ရုံအဆင့်သာရှိသောနည်းပညာများသာသုံးစွဲခြင်း၊ • ရင်းနှီးမြှုပ်နှံမှုမလုံလောက်ခြင်း၊ • ပြောင်းလဲရန်စိတ်မပါခြင်း၊	❖ အဓိကစိုက်ပျိုးသီးနှံများနှင့်ဥယျာဉ်ခြံစိုက်ပျိုးသီးနှံများစိုက်ပျိုးနိုင်ရန်သင့်လျော်သောရာသီဥတုအခြေအနေရှိခြင်း၊ ❖ နှစ်စဉ်မိုးရေချိန်လက်မ ၄၅၊ ၅၀ ခန့်ရှိသောအသင့်အတင့်မိုးရွာသွန်းမှုသာရှိခြင်း၊ ❖ မြေဆီလွှာကောင်းမွန်ခြင်း၊ ❖ စိုက်ပျိုးမြေအတွင်းနွားချေးကဲသို့သောမြေဩဇာသုံးစွဲမှုအလေ့အကျင့်ရှိခြင်း၊	❖ နည်းပညာပိုင်းအချက်အလက်ကောင်းကောင်းမသိဘဲမှတ်ပုံတင်မထားသောစိုက်ပျိုးရေးဓါတုပစ္စည်းများသုံးစွဲခြင်း၊ ❖ အများစုမှာဒေသထွက်ညံ့ဖျင်းသောမျိုးစေ့ကိုသူသုံးစွဲခြင်း၊ ❖ မြေဆီလွှာထိန်းသိမ်းသည့်လုပ်ဆောင်မှုမျိုးမလုပ်ကြခြင်း၊ ❖ သစ်တောမြေဧရိယာလျော့နည်းလာခြင်း၊	• လိုအပ်သောသွင်းအားစုများကိုအချိန်မီအသုံးချနိုင်ရန်ငွေရယူနိုင်သောအရင်းအမြစ်များနှင့်ချိတ်ဆက်ခြင်း၊ • မြေဆီလွှာထထိန်းသိမ်းရေး • ကော်ဖီ၊လက်ဖက်၊ ရာဘာ၊ လိမ္မော်၊ သစ်တော်သီး၊ သီဟိုရ်ပင်များကဲ့သို့သောနှစ်ရှည်သီးနှံပင်များစိုက်ပျိုးရန်အားပေးခြင်း။ • အထက်ပါကုန်ကြမ်း	• လယ်သမားအသင်းများဖွဲ့စည်းခြင်း၊ • နည်းပညာပိုင်းနှင့်စီမံခန့်ခွဲမှုစနစ်များဖွံ့ဖြိုးရေးအတွက်ထောက်ပံ့ပေးခြင်း၊ • Agro-forestry system မိတ်ဆက်ပေးခြင်း၊ • MADB, MSY, Producers' cooperation associations

ပြဿနာ	ပြဿနာအရင်းအမြစ်	အလားအလာ	အတားအစီး/စိန်ခေါ်မှု	ဖြေရှင်းနိုင်မည့်နည်းလမ်း	စီမံကိန်း
		❖ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးအထူးကောင်းမွန်ခြင်း၊		များကိုအသုံးပြုပြီး အစားအသောက်တန်ဖိုးမြှင့်ထုတ်ကုန်များနှင့်အခြားပစ္စည်းများထုတ်လုပ်သောစက်ရုံအလုပ်ရုံများဖွံ့ဖြိုးလာစေရန်ပုဂ္ဂလိကရင်းနှီးမြုပ်နှံမှုတိုးတက်အောင်ဆောင်ရွက်ခြင်း။ • ကောင်းမွန်သောမျိုးစေ့များနှင့် အပင်များဖြန့်ဖြူးပေးခြင်း • ရေဖြန်းကိရိယာများကဲ့သို့သောစွမ်းဆောင်ရည်ရှိသောရေပေးဝေမှုပုံစံများကိုမိတ်ဆက်ပညာပေးမှုများလုပ်ဆောင်ခြင်း၊	ကဲ့သို့ ငွေချေးယူနိုင်သောအဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း၊ • ရင်းနှီးမြုပ်နှံမှုများအတွက်လှည့်ပတ်ရန်ပံငွေများထူထောင်ခြင်း • စီးပွားဖြစ်စိုက်ပျိုးခြင်းနှင့်အရည်အသွေးမှီမျိုးစေ့များဖြန့်ဖြူးနိုင်ရေးတို့အတွက်ပုဂ္ဂလိနှင့်အစိုးရမျိုးစေ့ကုမ္ပဏီများနှင့်ချိတ်ဆက်ခြင်း၊
မွေးမြူရေး **ဝက်** • ဝက်မွေးမြူခြင်း	• တိရိစ္ဆာန်များကို	• မွေးမြူရေးလုပ်ကိုင်	• တိရိစ္ဆာန်ရောဂါဖြစ်ပွားမှုရှိခြင်း၊	• ရောဂါ ကာကွယ်	• မွေးမြူရေးလုပ်

ပြဿနာ	ပြဿနာအရင်းအမြစ်	အလားအလာ	အတားအစီး/စိန်ခေါ်မှု	ဖြေရှင်းနိုင်မည့်နည်းလမ်း	စီမံကိန်း
သည်ဝင်ငွေကောင်းရန်သေချာမှုမရှိခြင်း၊ **နွား** စီးပွားဖြစ်တိရိစ္ဆာန်မွေးမြူခြင်းမျိုးမရှိခြင်း၊	စနစ်တကျထိန်းသိမ်းခြင်းမျိုးအတွေ့အကြုံမရှိခြင်း။	နိုင်ရန်နေရာအကျယ်အဝန်းများရှိခြင်း၊ • မိုးရွာသွန်းမှုအသင့်အတင့်ဖြင့်ကောင်းမွန်သောရာသီဥတုရှိခြင်း။ • စားကျက်မြေများစွာတည်ထောင်နိုင်ခြင်း	• ကနဦးရင်းနှီးမြှုပ်နှံမှုမြင့်မားခြင်း၊ • နည်းပညာအကူအညီလိုအပ်ခြင်း၊	ထိန်းချုပ်ခြင်းကိုစုပေါင်းလုပ်ဆောင်နိုင်ရန်မွေးမြူသူများအသင်းအဖွဲ့ဖွဲ့စည်းခြင်း။ • စုပေါင်းရောင်းချသည့်အလေ့အကျင့်များလုပ်ဆောင်ခြင်း • ထုတ်လုပ်ခြင်းရောင်းချခြင်းတို့အတွက် စုပေါင်းလုပ်ဆောင်ခြင်းများပြုလုပ်ခြင်း။ • ပြည်တွင်းနှင့်ပြည်ပဈေးကွက်အတွက်နို့ထွက်ပစ္စည်းစက်ရုံများတည်ထောင်ခြင်း	ကိုင်သူများအသင်းအဖွဲ့ဖွဲ့စည်းခြင်း၊ • ရောဂါကာကွယ်ရေးအတွက် နည်းပညာသင်တန်းပေးခြင်း၊ • အခါအားလျော်စွာကာကွယ်ဆေးထိုးခြင်းများလုပ်ဆောင်ခြင်း၊ • ငွေချေးယူနိုင်သောအသင်းအဖွဲ့များနှင့်ချိတ်ဆက်ခြင်း၊
လယ်ယာမဟုတ်သောလုပ်ငန်းများ • သစ်သီးယိုကဲ့သို့သောတန်ဖိုးမြှင့်ထုတ်လုပ်ခြင်းမျိုးမရှိခြင်း၊	• ဈေးကွက်အတွင်းနာမည်တစ်ခုရရန်ရင်းနှီးမြှုပ်နှံမှုများစွာလိုအပ်ခြင်း။ • စီးပွားရေးစီမံကိန်း	❖ သစ်သီးအမျိုးအစားများစွာရှိခြင်း၊ ❖ သစ်သီးပင်များအတွက်ကောင်းမွန်သင့်လျော်သောရာသီဥတု	• ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများမှရင်းနှီးမြှုပ်နှံရန်အလားအလာနှင့် ဖြစ်နိုင်ခြေများကိုစောင့်ကြည့်နေခြင်း၊	• အသေးစားစီးပွားရေးများအတွက် အခြေခံစီးပွားရေးစီမံကိန်းရေးဆွဲခြင်းများဖွံ့ဖြိုးခြင်း	• ငွေချေးယူနိုင်သောအသင်းအဖွဲ့များနှင့်ချိတ်ဆက်ခြင်း၊ • အစားအ

ပြဿနာ	ပြဿနာအရင်းအမြစ်	အလားအလာ	အတားအစီး/စိန်ခေါ်မှု	ဖြေရှင်းနိုင်မည့် နည်းလမ်း	စီမံကိန်း
•	ရေးဆွဲခြင်းနှင့်ဈေးကွက်ထိုးဖောက်ခြင်းတွင်ကျွမ်းကျင်မှုမရှိခြင်း၊	ရှိခြင်း၊ ❖ နိုင်ငံအတွင်းမြို့များအားလုံးနှင့် တရုတ်၊ ထိုင်းနိုင်ငံများသို့ သွားလာနိုင်သောကုန်းလမ်းရှိခြင်း၊ ❖ လယ်ယာထွက်ကုန်များမှသစ်သီးအခြောက်ခံမှုများစတင်နေခြင်း		• တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရာတွင် စက်မှုလုပ်ငန်းများထူထောင်ခြင်းမှတစ်ဆင့် ပုဂ္ဂလိကကုမ္ပဏီကိုဖိတ်ခေါ်ခြင်း	သောက်ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် နည်းပညာပိုင်းများသင်တန်းပေးခြင်း၊ • အသေးစားအလတ်စားသင်တန်းများကိုသစ်သီးများတန်ဖိုးမြှင့်ထုတ်လုပ်ရန် တွန်းအားပေးခြင်း၊ • စက်မှုလုပ်ငန်းများတွင်ပုဂ္ဂလိကနှင့်ဖက်စပ်စီးပွားလုပ်ငန်းများတည်ထောင်ခြင်း
ပညာရေး					
• ပညာရေးအခြေအနေနိမ့်ကျခြင်း	• ရွာတွင်ကျောင်းမရှိခြင်း၊	❖ ရွာသူရွာသားများသည်ရှမ်းဘာသာစ	❖ရွာသူ/သားများသည် ပညာ၏အရေးပါမှုကို သိမြင်မှုမရှိကြ	• လူထုကိုကျောင်းနေခြင်းမှတဆင့်သူတို့	❖ လူမှုဖူလုံရေးဌာနနှင့်ပညာရေး

ပြဿနာ	ပြဿနာအရင်းအမြစ်	အလားအလာ	အတားအစီး/စိန်ခေါ်မှု	ဖြေရှင်းနိုင်မည့်နည်းလမ်း	စီမံကိန်း
၊	• ကျေးရွာအုပ်စုအတွင်းတွင်မူလတန်းလွန်ကျောင်းအဆင့်မျှသာရှိခြင်း၊ • ရွာမှ (၁) မိုင်ခန့်ကွာဝေးခြင်း၊ • အထက်တန်းကျောင်းတက်ရန် ရွာမှ (၃) မိုင်ခန့် ဝေးသောလွိုင်လင်မြို့သို့သွားရခြင်း၊ • မြန်မာဘာသာကို ကျွမ်းကျင်မှုမရှိခြင်းနှင့် စာသင်ကြားရေးအတွက်ကြားခံမျှသာသုံးစွဲခြင်း၊	ကားကိုသင်ယူရန် စိတ်အားထက်သန်ခြင်း၊ ❖ ရှမ်းစာပေကျောင်းအတွက်ကျောင်းအဆောက်အဦသည် ကောင်းမွန်ပြီးအသစ်ဖြစ်နေခြင်း၊	ပါ ။ ❖ လူနည်းစုသာလျှင်မြန်မာဘာသာစကားကိုရေးနိုင်ဖတ်နိုင်ကြပါသည်၊ ထို့ကြောင့်မြန်မာနိုင်ငံ၏ပညာရေးအစီအစဉ်မှာထိရောက်မှုမရှိပေ၊	၏ကလေးများကို ပညာတတ်ဖြစ်အောင်ပြုလုပ်နိုင်ရန် အသိပညာပေးပြီးပြုပြင်ပြောင်းလဲခြင်းများလုပ်ပေးခြင်း၊ • ကလေးများကို ကျောင်းနှင့်စာသင်ကြားမှုအပိုင်းပတ်ဝန်းကျင်နှင့်ကျွမ်းကျင်မှုရှိစေရန်မူကြို ကျောင်းများ (သို့) မူလတန်းကြို ကျောင်းများတည်ထောင်ပေးခြင်း၊	ဌာနတို့၏အကူအညီဖြင့်မူကြို ကျောင်းတည်ထောင်နိုင်ရန် ဖန်တီးပေးရန်၊ ❖ တက္ကသိုလ်များကိုလေ့လာရေးခရီးထွက်ပြီးကလေးများကို ပညာရေးစိတ်ဝင်စားမှုရှိလာအောင်ပြုလုပ်ရန်၊
ကျန်းမာရေး					
• ကျန်းမာရေးနှင့်ပတ်သက်သည့် ဗဟုသုတနည်းပါးခြင်း၊ • အမျိုးသမီးအချို့တွင်လည်ပင်း	• ပညာရေးအားနည်းခြင်း၊ • ဆင်းရဲခြင်း၊ • ကျေးရွာအဆင့်တွင် ကျန်းမာရေးဝန်ဆောင်မှုအားနည်း	• အိမ်ခြံဝင်းသည်လုံလောက်သောအကျယ်အဝန်းရှိသောကြောင့် လေကောင်းလေသန့်ရရှိခြင်း၊ • လတ်ဆတ်သောဟင်း	• ရွာသားများအသိဉာဏ်ပညာနည်းပါးခြင်း၊	• ကျေးရွာသူ/သားများကိုဌင်းတို့၏သားသမီးများကျောင်းသို့ပို့နိုင်ရန် အသိပညာပေးဆွေးနွေးခြင်းများပြုလုပ်	• ကျန်းမာရေးပညာပေးခြင်းများကိုအထူးသဖြင့် အမျိုးသမီးများကိုပြုလုပ်ပေးခြင်း၊

ပြဿနာ	ပြဿနာအရင်းအမြစ်	အလားအလာ	အတားအစီး/စိန်ခေါ်မှု	ဖြေရှင်းနိုင်မည့်နည်းလမ်း	စီမံကိန်း
ကြီးရောဂါခံစားနေကြရပြီးကုသမှုခံယူနိုင်ခြင်းမရှိပေ။	ခြင်း၊ • အတိတ်ကာလကနိုင်ငံရေးတည်ငြိမ်မှုမရှိခြင်း၊	သီးဟင်းရွက်များကို အိမ်တွင်းဥယျာဉ်ခြံနှင့် သစ်တောများမှရရှိစားသုံးကြခြင်း။		ခြင်း၊ • အနာဂါတ်မျိုးဆက်သစ်များတွင် ကျန်းမာရေးအသိပညာများရှိလာစေရန် ကျောင်းကျန်းမာရေးအစီအစဉ်များကို အလေးပေးဆောင်ရွက်ရန်၊ • ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းစဉ်ကိုထိထိရောက်ရောက်ဆောင်ရွက်ရန်	• ကျောင်းကျန်းမာရေးအစီအစဉ်များဆောင်ရွက်ပေးခြင်း၊ • မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုနှင့်အာဟာရပိုင်းများကိုအလေးထားသောကျန်းမာရေးလှုံ့ဆော်ပွဲများကျင်းပပေးခြင်း၊
လူငယ်နှင့်ယဉ်ကျေးမှု					
• နိမ့်ကျသောပညာရေးမျှသာရရှိမှု၊ • ပြင်ပအဖွဲ့အစည်းများနှင့်ဆက်ဆံနိုင်သောအခွင့်အလမ်း	• အစိုးရနှင့်လူမျိုးစုတပ်ဖွဲ့များအကြားပဋိပက္ခရှိခြင်း၊ • သင်ကြားရေးအထောက်အကူပစ္စည်းများသုံးစွဲနိုင်မှုအားနည်းခြင်း၊	• ခိုင်မာသောအမျိုးသားရေးစိတ်ဓာတ်များရှိခြင်း၊ • ရှမ်းစာပေသင်ယူရန် ချစ်မြတ်နိုးခြင်း၊ • ရှမ်းအနုပညာပြဇတ်အဖွဲ့များတည်ထောင်မှု	• ဝေးလံခေါင်ဖျားသောအရပ်ဒေသဖြစ်သောကြောင့် ပြင်ပမှအကူအညီများအားနည်းခြင်း၊	• ရွာသူ/သားများအားရှမ်းစာပေနှင့်ယဉ်ကျေးမှုသာမကပတ်ဝန်းကျင်မှပညာများကိုသင်ယူအားပေးနိုင်ရန်အသိပညာပေးလှုံ့ဆော်ခြင်း	• အမျိုးမျိုးသောစာအုပ်များရရှိနိုင်ရန်သတင်းအချက်အလက်ဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ • မူးယစ်ဆေးဝါး

ပြဿနာ	ပြဿနာအရင်းအမြစ်	အလားအလာ	အတားအစီး/စိန်ခေါ်မှု	ဖြေရှင်းနိုင်မည့် နည်းလမ်း	စီမံကိန်း
နည်းခြင်း၊ • မူးယစ်ဆေးဝါးများ၏ခြိမ်းခြောက်မှုရှိခြင်း၊	• ဆင်းရဲခြင်း၊	တို့ဖြင့်ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းခြင်း၊		• လက်ရှိစာကြည့်တိုက်ကိုအဆင့်မြှင့်တင်ပေးခြင်း၊	တားမြစ်ခြင်းနှင့် လူကုန်ကူးခြင်းတို့အတွက်ပညာပေးခြင်း၊

ကိုးကားစာရင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ လွိုင်လင်မြို့နယ်၊ နောင်တောင်းကျေးရွာတွင် ၂၀၁၅ ဩဂုတ်လတွင် ကျင်းပခဲ့သော ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -
စီမံချက်အမည် -
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• …….(ငွေသား) • ……..(ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ –၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ